


# အားကိုးရာအစစ်ရှိကြပါစေ

## ဖြစ်ပျက်အာရုံပြုတဲ့ဉာဏ်

ဟောကြားသည့်နေ့

(၃၁-၁၂-၆၀)

၂၃၇

ကျေးဇူးတော်ရှင် မဟာဂန္ထဝါစကပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သမ္ဘာ(၇)ပါး တရားတော် အမှတ်စဉ်(၃၇)မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# အားကိုးရာအစစ်ရှိကြပါစေ။

(ဖြစ်ပျက်အာရုံပြုတဲ့ဉာဏ်)

ဟောကြားသည့်နေ့
(၃၀. ၁၂. ၆၀)

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒကာ ဒကာမ တို့ အမှတ်မဲ့နေမှာ အလွန်စိုးရိမ်တယ်ဆိုတာ မှတ်ထားရမယ်နော်. . . (မှန်ပါ)၊ အမှတ်တမဲ့နေမှာ အင်မတန် စိုးရိမ်တယ်. . . (မှန်ပါ)။

## အမှတ်တမဲ့နေမှာ စိုးရိမ်တယ်

'သနာထာဘိက္ခဝေ
ဝိဟာရထ မာ အနာထာ ဘိက္ခဝေ-ငါ၏ချစ်သားတပည့်များတို့၊ သနာထာ-ကိုးစားရာ အားထားရာ ရှိကြကုန်သည်။ ဝိဟာရထ-နေကြကုန်လော့ သနာထာ- ကိုးကွယ်ရာ အားထားရာ မရှိကြကုန်သည်။ မာ-မဖြစ်ကြစေကုန်လင့်။

ကိုးကွယ်ရာ ရှိပြီးသကာလ အားကိုးရာလေးတစ်ခု တော့ ရှိကြပါစေ။(မှန်ပါ့)။ အားကိုးရာလေးတစ်ခုတော့ဖြင့် . . . (ရှိရပါမယ်ဘုရား)။

အားကိုးရာ မရှိဘဲ နေခြင်းဟာ ဒုက္ခ-ဆင်းရဲ၏။ အားကိုးရာမရှိလို့ရှိရင် ဆင်းရဲတယ်. . . (မှန်ပါ့)။ အဲဒါ အင်္ဂုတ္တိုရ်ပါဠိတော်ကြီးမှာ ကိုးကွယ်ရာတော့ဖြင့် မင်းတို့ ကိုးကွယ်ဆိုတာ အားထားရာဖါပဲ. . . (မှန်ပါ့)။

## ကိုးကွယ်ရာဖြင့် ရှိကြပါစေ

ကိုးကွယ် အားထားရာဖြင့် ရှိကြပါစေကွာ။ ကိုး ကွယ်ရာ အားထားရာ မရှိလို့ရှိရင် မင်းတို့ ဒုက္ခရောက်တော့ မယ်. . . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတွေ ဆရာသမားကဆုံးမမယ်။ ကိုင်း. . . ကိုးကွယ်ရာတွေကတော့ ဘုရားလဲ ကိုးကွယ်ရာ ပဲ။ တရားလဲကိုးကွယ်ရာပဲ။ သံဃာလဲကိုးကွယ်ရာပဲ။ မာတာ ပိတုဂုဏော အနန္တောဆိုတဲ့အတိုင်းတာလဲ ရှိကြတာပဲ . . .

## ဘုရားက ဘယ်ဟာကို ပိုပြီးကြိုက်သတုံး

ဒီထဲက ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ် ဟာကို ပိုပြီး သကာလ ကြိုက်ပါသလဲဆိုတာ သတိကားမ မယ်. . . (မှန်ပါ့)

"ပညာဝါ ဟောတိဥဒယတ္ထဂါမိနိယာ"ပညာနဲ့ ဖြစ်ပျက်ကို ရှုနေတဲ့အလုပ်ဟာ အဲဒါ မင်းတို့ "သမ္မာဒုက္ခက္ခယဂါမိနိယာ"ပဲတဲ့။ အလုံးစုံ ဒုက္ခကို ကုန်စေနိုင်တယ်. . . (မှန်ပါ့)။

ပညာနဲ့ ဖြစ်ပျက်၊ ဥဒယဗ္ဗယဆိုတဲ့ဖြစ်မှု ပျက်မှုကို မင်းတို့ ဥဒယတ္ထဂါမိနိယာဆိုတဲ့အတိုင်း ဖြစ်မှု ပျက်မှုကို မင်းတို့ နှလုံးသွင်းပြီး သကာလ၊ ဘယ်အချိန်မဆို နှလုံးသွင်းပြီး သကာလ နေကြမယ်ဆိုလို့ရှိရင် ဒုက္ခက္ခယဂါမိနိယာ-ဒုက္ခကို ကုန်စေသည်။ ဟောတိ-ဖြစ်၏ (မှန်ပါ့)။

## ဖြစ်ပျက်ကို နှလုံးသွင်းရမယ်

မင်းတို့ ဖြစ်ပျက်ကို နှလုံးသွင်းမှုကို အားကိုးအားထား ပြုပါလို့မှာခဲ့တယ်. . . (မှန်ပါ့)။ ဘာကို နှလုံးသွင်းရမယ်. . . (ဖြစ်ပျက်ကို နှလုံးသွင်းရပါမယ်ဘုရား)။

ဖြစ်ပျက်ကို အားကိုး အားထား နှလုံးသွင်းပြီး သကာလ ထားပါ။ 'အယမ္ပိ ခေမ္မော နာထကာရဏော အယမ္ပိ-ဤဖြစ်ပျက်ကိုအားကိုးခြင်းသည် နာထကာရကော-ကိုးကွယ်ခြင်းကို ပြုတတ်သည်။ ဟောတိ-ဖြစ်၏တဲ့ဆိုတဲ့ အတိုင်း ကိုးကွယ်ရာ ကိုးကွယ်ရာဆိုင်တဲ့ဥစ္စာ။

ကိုယ့် အားထားရာ။ ဩော်-ဘယ်လိုအားထားရာပါ

လဲလို့ ဒကာကြွယ်တို့၊ ဒကာသစ်တို့က မေးလို့ရှိရင် သူက ဒုက္ခ **ကုန်စေ** သောကြောင့် ကျုပ်တို့ အားကိုးကြရလိမ့်မယ်. . . (မှန်ပါ့)။

သူက ဘာပါလိမ့်. . . (ဒုက္ခကို အကုန်သေစေနိုင်ပါတယ်)။ ဒုက္ခကုန်စေနိုင်သောကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ အားကိုးရမယ် (မှန်ပါ့)။

သူက ဘာပါလိမ့်. . . (ဒုက္ခကို အကုန်သေစေနိုင်ပါတယ်) ဒုက္ခကုန်စေနိုင်သောကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ အားကိုးရမယ် (မှန်ပါ့)။

ဩော်. . . ဒါဖြင့် ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခကုန်တဲ့နေရာတော့ဖြင့် ဒကာ ဒကာမတို့ အားကိုးရမှာ အစစ်ပဲ. . . (မှန်ပါ့)။

ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ . . . (ဒုက္ခကုန်ရာကို အားကိုးရပါမယ်)။ဒုက္ခကုန်ရာပဲ အားကိုးရမယ်. . . (မှန်ပါ့) ဒါကြောင့် ပညာဝါ ဟောတိ ဥဒယတ္ထဂါမိနိယာပညာယ သမန္နာဂတော။ အရိယာယ-ဖြူစင်သော၊ နိဗ္ဗေဓိယာယ-ထိုးထွင်း၍သိသော၊ သမ္မာ-ကောင်းစွာ၊ ဒုက္ခက္ခယဂါမိနိယာ-ဒုက္ခကုန်စေတတ်သည်။ ကုန်စေတတ်သော ပညာသည် ဟောတိ-ဖြစ်၏။ အယမ္ပိဓမ္မောနာဝုက ရဏော

## ဘယ်လိုကိစ္စတွေ့တွေ့ ဖြစ်ပျက်ပဲ အားကိုး

အဲဒီကဲ့သို့ အဋ္ဌကနိပါတ်အင်္ဂုတ္တိုရ်ရဲ့ ကိုးကွယ်ရာ ရှစ်ပါးတွေ့ရှိတဲ့အနက်က နောက်ဆုံးပိတ် ဒါဟောပြီးသကာလထားသောကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်လိုကိစ္စတွေ့တွေ့ ဖြစ်ပျက်ပဲအားကိုးပါ. . . (မှန်ပါ့)။

ဒုက္ခကုန်စေနိုင်သောကြောင့် ဖြစ်ပျက်ပဲ အားကိုးရမယ်. . . (မှန်ပါ့)။ ဖြစ်ပျက်သိတဲ့ ဉာဏ်ပဲ. . . (အားကိုးရမှာပါဘုရား)။ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ဩော်-ဒါဖြင့် ဒီနေ့ ဆရာဘုန်းကြီးက ဘာတွေများပေးပါလိမ့်မတုံးမေးတော့ ခန္ဓာကိုယ်ထဲ၌ ဝေဒနာ ကြိုက်တဲ့ပုဂ္ဂိုလ်က ဝေဒနာဖြစ်ပျက်ကို အားကိုး။ စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်က . . . (စိတ်ဖြစ်ပျက် အားကိုးရမှာပါဘုရား)။

ရုပ်ကြိုက်တဲ့ ပုဂ္ဂိုလ်က. . . (ရုပ်ဖြစ်ပျက် အားကိုးရမှာပါဘုရား)။ အေး. . . သစ္စာကြိုက်တဲ့ပုဂ္ဂိုလ်က အလုံးစုံဖြစ်ပျက်အားကိုး. . . (မှန်ပါ့)။ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီကဲ့သို့ ဒကာ ဒကာမတွေ၊ **အားကိုး** မမှားရအောင်လို့ အင်း အင်မတန်မှ မှာရှာတယ်ဆိုတဲ့ ဥစ္စာ ဒကာကြွယ် သေသေချာချာ မှတ်ရမယ်နော်. . . (မှန်ပါ့)။

## ဘယ့်နှယ်ကြောင့် အားကိုးခိုင်းပါလိမ့်

ဖြစ်ပျက်ကို ဘယ့်နှယ်ကြောင့် အားကိုးခိုင်းပါလိမ့် မတုံးဆိုတော့ သမ္မာဒုက္ခကွယ ဝါမိနိယာ-ဒုက္ခကုန်သော ကြောင့်၊ သူ့ အားကိုးကွာ. . . (မှန်ပါ)။

ဒုက္ခကုန်စေသောကြောင့် . . . (သူ့အားကိုးရမှာပါ ဘုရား)။ ဖြစ်ပျက် ရှုပါများလာတော့ ဖြစ်ပျက်ဆုံးသွားတော့ ဒုက္ခမကုန်လား. . . (ကုန်ပါတယ်ဘုရား)။

အဲ. . . ဖြစ်ပျက်ဆုံးသွားတော့ ဒုက္ခကုန်တယ်။ ဒုက္ခကုန်တဲ့ဉာဏ်လေး ကျုပ်တို့ ကျန်နေရစ်ပါတယ်. . . (မှန်ပါ့)။ ဒုက္ခကုန်တဲ့ဉာဏ်လေး ကျန်ရစ်တော့ ဒီဉာဏ်လေးဟာက နိဗ္ဗာန်အာရုံပြုတဲ့ ဉာဏ်လေး. . . (မှန်ပါ့)။ တစ်ခါ ဒုက္ခကိုပဲ အာရုံပြုတဲ့ဉာဏ်လေးနဲ့သေလဲ ဒုတိယဘဝမှာ သောတာပန် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်တာပဲ. . . (မှန်ပါ့)။

ဟာ. . . ဒုက္ခကုန်သွားတယ်ဘုရား။ ဒုက္ခရှုရင်းနဲ့ တပည့်တော်တို့ ဖြစ်ပျက်ဒုက္ခ ပြီးဆုံးသွားတော့တယ်။ အဲဒီ ဒုက္ခကြီးဆုံးသွားပါတယ်ဆိုလို့ရှိရင် ဖြစ်ပျက် အဆုံးမြင်တဲ့ ဉာဏ်လေးဟာခင်ဗျားတို့ "ဧကာယနော အယံဘိက္ခဝေမဂ္ဂေါ" ဆိုတဲ့အတိုင်း လောကုတ္တရာမဂ်ဂလေးဖြစ်ပြီး တစ်ကြောင်း တည်းနဲ့ သူက နိဗ္ဗာန်ပို့တော့မယ်. . . (မှန်ပါ့)။

## ဖြစ်ပျက် အာရုံပြုတဲ့ ဉာဏ်အားကိုးပါ

ဒါကြောင့် အားလုံး တရားနာကြ နိုင်တဲ့ ဒကာ ဒကာမတွေ၊ ဖြစ်ပျက်ကို အာရုံပြုတဲ့ ဉာဏ်ကလေး အားကိုးကြ (မှန်ပါ့)။ ဘာ အားကိုးရမတုံး. . . (ဖြစ်ပျက်ကို အာရုံပြုတဲ့ ဉာဏ်ကလေး အားကိုးရမှာပါဘုရား)။

## ဘယ်တော့မှ အားမလျှော့ပါနဲ့

ဖြစ်ပျက်ကို မြင်တဲ့ဉာဏ်၊ ဖြစ်ပျက်အဆုံးကို မြင်နိုင်တဲ့ဉာဏ်၊ ကြိုက်ရာဉာဏ် ဒီဉာဏ်နှစ်ခုကိုဖြင့် ဒကာကြွယ်တို့ ဦးလှဘူးတို့ ဒကာသစ်တို့ ဘယ်တော့မှ မလျှော့ပါနဲ့. . . (မှန်ပါ့)။

ယုတ်စွအဆုံး ကားပျက်တော့မယ်လို့ကြံရင် ချောက်ထဲ ကျတော့မယ်ဆိုတာတောင်မှ သူ့ကိုပဲ အားကိုး. . . (မှန်ပါ့)။

လေယာဉ်ပျံစီးသွား လို့ လေယာဉ်ပျံက၊ နိမ့်ချည် မြင့်ချည် လုပ်နေလို့ရှိရင် သူ့ပဲ အားကိုးရမှာပဲ. . . (မှန်ပါ့)။ အဲဒီကဲ့သို့ ထားလို့ရှိရင် ဒုက္ခကို ကုန်စေနိုင်ပါတယ်. . . (မှန်ပါ့)။

## သေခါနီးတောင်မှ ရှုပါ

သေခါနီးတောင်မှ ရှုလို့ရှိရင်ဖြင့် သေခါနီးရှုတာ တောင် ဒကာ ဒကာမတွေ၊ သောတာပန်၊ သကဒါဂ

အနာဂါမ်၊ ဖြစ်နိုင်တယ်။

အကယ်၍ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်ပြီးသား ပုဂ္ဂိုလ်က ထပ်ရှုမယ်ဆိုရင် ရဟန္တာဖြစ်နိုင်တယ်လို့ဆိုတဲ့ ဖဂ္ဂုဏာသုတ်တို့မှာလဲ သေသေချာချာ ဟောထားတယ်. . . (မှန်ပါ့)။

မဟောဘူးလား. . . ။(ဟောပါတယ်ဘုရား)။ အဲဒါတွေလဲ နာဖူး ကြားဖူးပြီးသားဖြစ်တဲ့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဖြစ်နေသောကြောင့် ဘာကိုးကွယ်ရမယ်ဆိုတာ သိနေပြီ. . . (မှန်ပါ့)။

ဘာ ကိုးကွယ်ရမယ်. . . (ဖြစ်ပျက်ရှုမှုကို ကိုးကွယ်ရမှာပါဘုရား)။ ဖြစ်ပျက်ရှုတဲ့ဉာဏ် အားကိုးရမယ်. . . (မှန်ပါ့)။

ဘာအားကိုးကြရမယ်. . . (ဖြစ်ပျက်ရှုတဲ့ ဉာဏ်အားကိုးရမှာပါဘုရား)။ ခန္ဓာကိုယ်ဏာလဲ ဘာပဲရှိတုံး. . . (ဖြစ်ပျက်ပဲ ရှိပါတယ်ဘုရား)။

## ဖြစ်ပျက်ရှုတဲ့ဉာဏ်

ဖြစ်ပျက်ရှုတဲ့ဉာဏ်ကလေးပဲ ဘုန်းကြီးတို့ ဒကာဒကာမတွေက အားကိုးလိုက်တဲ့အခါကျတော့ ဒီဉာဏ်ကလေးက ဘာလုပ်မယ်။ အိုး. . . ဒုက္ခ ကုန်စေတတ်တယ်

. . . (မှန်ပါ့)။

ဒီဉာဏ်ကလေးက ဘာလုပ်ပါလိမ့်. . . (ဒုက္ခကို ကုန်စေတတ်ပါတယ်ဘုရား)။ ဒုက္ခကုန်စေတတ်တဲ့ ဉာဏ်လေးဆိုတော့ အလုံးစုံသောဒုက္ခတွေ ကင်းပျောက်ပါစေခြင်း အကျိုးငှာ ရှိခိုးပါ၏လို့ ခုနကပဲ ရှိခိုးကြတယ်. . . (မှန်ပါ့)။

အဲ. . . ဒုက္ခကြောက်လွန်းလို့ ရှိခိုးကြတယ်တဲ့။ အဲဒီတော့ ဒကာ ဒကာမတို့ ဒုက္ခဆိုတာ ကြောက်ကောင်းတဲ့တရား၊ ပယ်ကောင်းတဲ့တရား၊ ပိုင်းခြားကောင်းတဲ့တရား . . . (မှန်ပါ့)။

ဒုက္ခကို ဒုက္ခပရိညာဘိသမယေန အဘိသမယေတိ ဆိုတဲ့အတိုင်း ဒုက္ခပိုင်းပိုင်းခြားခြား သိဖို့ အရေးဟာလဲ ဒီဉာဏ်ကို အားကိုးရမယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာကြွယ်တို့၊ ဦးလှဘူးတို့ ဘာအားကိုးမယ်. . . (ဖြစ်ပျက်အာရုံပြုတဲ့ဉာဏ်ကို အားကိုးရမှာပါဘုရား)။ ဖြစ်ပျက် အာရုံပြုတဲ့ဉာဏ်ပေါ့ဗျာ။

ဘယ့်နှယ်ကြောင့် ဒီဉာဏ် ဆရာဘုန်းကြီး က အားကိုးခိုင်းပါလိမ့်မလဲ။ ဘုရားက ဘာ အားကိုးခိုင်းပါလိမ့်မလဲ။ ဒကာ ဒကာမတွေ မေးဖို့ မလိုဘူးလား. . .။(လိုပါတယ်ဘုရား)။

## နိဗ္ဗာန်ရောက်အောင် ပို့နိုင်တဲ့ဉာဏ်

သမ္မာ ဒုက္ခကျယဂါမိနိယာ၊ သမ္မာ ကောင်းစွာ၊ ဒုက္ခ ကျယဂါမိနိယာ - ဒုက္ခကုန်ရာသို့ ရောက်စေတတ်သော ကြောင့် ဒုက္ခကုန်ရာဆိုတာ ဘယ်သူပါလိမ့်. . . (နိဗ္ဗာန်ပါ ဘုရား)။

အဲဒီ ရောက်စေတတ်သောကြောင့် သူရောက်စေ တဲ့ ဉာဏ်ဖြစ်လေသောကြောင့် သူ့ကို အားကိုးကြ၊ အယမ္ပိ ခေမ္မော နာထ ကရဏော၊ အယမ္ပိ-ဤဒုက္ခကုန်ရာကို ရောက် အောင် ပို့နိုင်တဲ့ ဉာဏ်သည်သာလျှင် နာထ ကရဏော မင်း တို့ ကိုးကွယ်ခြင်းပြုရမယ့် တရားပါပဲကွာလို့ ဒေဂုံတိုရ်မှာ သေသေချာချာ ဟောတယ်။ မည်သူမဆို ဒါ အကြီးဆုံး အားကိုးရမယ်. . . (မှန်ပါ)။ သဘောကျပလား. . . (ကျပါ ပြီဘုရား)။

အင်း. . . ဒါလောက်မှ မသိတဲ့ ပုဂ္ဂိုလ်ကျတော့လဲ ကိုယ်ပြုထားတဲ့ ဒါန၊ ကိုယ်ဆောက်တည်ထားတဲ့ သီလပေါ့ ဗျာ. . . (မှန်ပါ)။

မဟုတ်ဘူး။ အကောင်းဆုံးအားကိုးရာ ပြစမ်းပါဆို ရင်ဖြင့် ဒါပဲ. . . (မှန်ပါ)။ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

## အကောင်းဆုံး အားကိုးရာ ပြစမ်းပါ

အကောင်းဆုံး အားကိုးရာပြစမ်းပါဆိုရင်. . . (ဖြစ်ပျက်အာရုံပြုတဲ့ ဉာဏ်ပါဘုရား)။ ဖြစ်ပျက် အာရုံပြုတဲ့ဉာဏ် . . . (မှန်ပါ့)။ ဖြစ်ပျက်အဆုံး အာရုံပြုတဲ့ဉာဏ်. . . (မှန်ပါ့)

ဒီဉာဏ်သာလျှင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုးကွယ်ရာ၊ အားထားရာ အစစ်ပဲလို့။ အယမ္ပိဓမ္မော နာထ ကာရဏောလို့ ဘုရားကကိုယ်တော်တိုင်နှုတ်ကဖွင့်ဟပြီး မိန့်လေသောကြောင့် ဘာမှ သံသယမရှိဘဲနဲ့ဒါ အားကိုးရမှာပဲ ဆို ပြီး ဒီနေ့ကစပြီး ဒါ အားကိုးရုံပဲ. . . (မှန်ပါ့)။ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အကယ်၍ လေ့စီးသွားတဲ့ ပုဂ္ဂိုလ်လဲ လှေကိုပဲ အားကိုးရပါတယ်။ ဒီလှေကမှ ဟိုဘက်ရောက်အောင် ပို့မှာကိုး။ ဒီမှာလဲ ထိုနည်းတူပဲ။ ဒီဉာဏ်လုပ်မှ ဒီဉာဏ်က ဟိုဘက်ရောက်အောင်ပို့မှာ. . . (မှန်ပါ့)။

ဒီဉာဏ်မှ မလုပ်တဲ့ပုဂ္ဂိုလ်၊ ဒီဉာဏ် ဘယ့်နှယ်လုပ်ပြီး ဒီဉာဏ်မှ မရှိရင် သူက ဒီမှာ ဘက်ကမ်းတည်းဟူသော အဇ္ဈတ္တိကာယတနမှ ဟိုဘက်ကမ်းတည်းဟူသော နိဗ္ဗာန်ဘက်သို့ သူ ပို့နိုင်ပါ့မလား. . . (မပို့နိုင်ပါဘုရား)။

## ကိုယ်အားထုတ်နေတဲ့ဉာဏ် အားကိုးပါ

ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ်အားထုတ်နေတဲ့ ဉာဏ်၊ ကိုယ်အားကိုး . . . (မှန်ပါ့)။ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။ ဘာ အားကိုးကြမယ်. . . (ကိုယ် လုပ်နေတဲ့ ဉာဏ်အားကိုးရမှာပါဘုရား)

ကိုယ်လုပ်နေတဲ့ဉာဏ်က ဘာပါလိမ့်မလဲလို့ အကဲခတ်ပါအုံး. . . (ဒုက္ခမြင်တဲ့ဉာဏ်၊ ဖြစ်ပျက်မြင်တဲ့ဉာဏ်ပါဘုရား)။ အေး ဖြစ်ပျက်မြင်တဲ့ဉာဏ်. . . (မှန်ပါ့)။

ဒီထက်တတ်နိုင်ရင် ဒုက္ခအဆုံးကို . . . (မြင်နိုင်တဲ့ ဉာဏ်ပါဘုရား) "ဒုက္ခဿအန္တံကရိဿတိ"ဆိုတဲ့အတိုင်း ဒုက္ခဿ-ဒုက္ခ၏၊ အန္တံ-အဆုံးကို ကရိဿတိ- မျက်မှောက်ပြုအောင် လုပ်နိုင်ရင်လဲ ပိုမိုကောင်းတယ်လို့ မှတ်ထားပေါ့ . . . (မှန်ပါ့)။

ဟာ. . . သို့မဟုတ် တပည့်တော်တို့ ဖြစ်ပျက်ရှုရုံနဲ့ပဲ သေသွားတာတောင်မှ ဒုတိယဘဝ သောတာပန်တည်နိုင်တယ်. . . ဟာ -ဖြစ်ပျက်အဆုံးရောက်ပါတယ်ဆိုလို့ရှိရင်လဲ ဒီဘဝပဲ အမှန်ဆုံးရင် မရောက်မရှိပါဘူး. . . (မှန်ပါ့)။

ကိုးကွယ်ရာ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ ရှိပလား . . . (ရှိပါတယ်ဘုရား)။ ဘာအားကိုးကြမတုံး. . . (ဖြစ်ပျက်မြင်တဲ့ဉာဏ် အားကိုးရမှာပါဘုရား)။

## ဒီနှစ်ညာဏ် ကြိုက်ရာအားကိုး

ဖြစ်ပျက်မြင်တဲ့ညာဏ်. . . (မှန်ပါ့)၊ ဖြစ်ပျက်အဆုံး . . . (မြင်တဲ့ညာဏ်ပါဘုရား)။ ဒီနှစ်ညာဏ်ဖြင့် ကြိုက်ရာအားကိုးတော့ . . . (မှန်ပါ့)။

ဖြစ်ပျက်မြင်တဲ့ ညာဏ်ကလဲ ဝိပဿနာမဂ်ပဲ။ ဖြစ်ပျက်အဆုံးမြင်တဲ့ ညာဏ်ကလဲ လောကုတ္တရာမဂ်ပဲ ဒကာဒကာမတို့၊ အသက်အရွယ်တွေလဲ ကြီးကုန်ကြပြီ၊ ဆရာဘုန်းကြီးလဲ ကြီးပြီ။ ဒကာ ဒကာမတွေလဲ ကြီးပြီ. . . (မှန်ပါ့)

## အားကိုးရာအစစ်ဆိုတာ ဒါပဲ

အားကိုးရာအစစ်ဖြင့် ဒါပဲဆိုတာ သေချာကြပလား . . . (မှန်ပါ့)။ အေး ဘုရားသခင်ကိုယ်တော်မြတ်ကြီးတောင်မှ ဒကာ ဒကာမတို့ ဘယ်အချိန်မဆို ဖလသမာပတ်၊ အားတိုင်း အားတိုင်း ဖလသမာပတ် ဝင်စားနေတယ်ဆိုတာ သူ ဖြစ်ပျက်ရှုပြီးမှ ဝင်စားတော်မူတာ. . . (မှန်ပါ့)။

ဖြစ်ပျက်ပဲအားကိုးရတာပဲ. . . (မှန်ပါ့)။ ဖြစ်ပျက်ဆုံးသွားတော့မှ နိဗ္ဗာန်မြင်တဲ့ ညာဏ် ဖလသမာပတ်ညာဏ်ကလာတော့တာကိုး. . . (မှန်ပါ့)။

သူလဲ ဒါ အားကိုးတာပဲ. . . (မှန်ပါ့)။ ဒါကြောင့် သန္တာထာ ဘိက္ခဝေ ဝိဟ ရထ မာ အနာထာ၊ ဘိက္ခဝေ

ရဟန်းတို့၊ သနာထာ-မိမိတို့ ကိုးစားရာ အားထားရာ တစ်ခုခု ရှိကြကုန်သည်၊ဝိဟရထ-နေ ရစ်ကြကုန်လော့။ မင်းတို့ အားကိုးရာ တစ်ခုတော့ လက်ကိုင်ရှိပါစေနော်. . . (မှန်ပါ့) အားကိုးရာတစ်ခုတော့. . . (လက်ကိုင်ရှိရပါမယ်ဘုရား)။

ဖြစ်ပျက်ကိုမြင်ပြီးသကာလ နေတဲ့ဉာဏ်ဆိုတော့ ဖြစ်ပျက်မြင်တဲ့သူကလည်း ဉဒယဗ္ဗယ မြင်ဖူးတဲ့ ပုဂ္ဂိုလ်ကလည်း ဘယ်တော့မှ မပျောက်တော့ဘူး. . . (မှန်ပါ့)။

နှလုံးသွင်းလိုက်၊ ဉာဏ်တည်လိုက်. . . (မှန်ပါ့)၊ ဖြစ်ပျက်အဆုံးမြင်ပြီးသား ပုဂ္ဂိုလ်ကလည်း ဖြစ်ပျက်တွေ့ပြီး မကြာခင် ဆုံးသွားတယ်. . .။ (မှန်ပါ့)။ အဲဒီကဲ့သို့ အားကိုးရာအစစ် ရှိကြပလား. . . (ရှိကြပါပြီဘုရား)။

**အားကိုးရာအစစ်ပေးတဲ့နေ့**

ဒါဖြင့် ဒကာ ဒကာမတို့၊ ယနေ့တရားအစမှာ ငါတို့ ဘယ်လိုများ ချီးမြှောက်ပါလိမ့်မလဲလို့ ဒကာကြွယ်တို့မေးရင်ဖြင့် အားကိုးရာအစစ်ပေးတဲ့နေ့ပဲ. . . (မှန်ပါ့)။

ဘယ်လိုပါလိမ့်. . . (အားကိုးရာအစစ် ပေးတဲ့နေ့ပါဘုရား)။ အားကိုးရာအစစ်ပေးတဲ့နေ့လို့ပဲ မှတ်ကြစမ်း ပါ။

ဒါကြောင့် ဒကာဒကာမတို့ အရေးရှိရင် ခင်ဗျားတို့ ပဲတဲ့။ လောကီမှာ အားကိုးရာတစ်ခုခုထားသလို အဲဒီ

လောကီအားကိုးရာကတော့ ရန်သူငါးတန်နဲ့ ဆက်တံတယ် . . . (မှန်ပါ့)။

တကယ်တမ်းကျတော့ ပျက်သွားတယ် . . . (ပျက်သွားပါတယ်ဘုရား)။ အခု ဉာဏ်ကို အားကိုးတော့ ဒကာ ဒကာမတို့ ပျက်စရာရှိသေးရဲ့လား . . . (မရှိတော့ပါဘူး) ဒီဉာဏ်သာ ထက်သွားပါစေ။ ထက်သတဲ့ ထက်သွားပါစေတော့ (မှန်ပါ့)။ ကဲ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## ဝိပဿနာရှုနည်း ပြောကြစို့

ကဲ ဒါဖြင့် ဒီဉာဏ်ကို ဘယ်လိုအားထုတ်မှ ဖြစ်မလဲ ဘုရားဆိုတော့၊ ဉာဏ်စခန်းကိုပဲ ဒီနေ့ ပြောကြပါစို့။ ဒီဉာဏ် ဘယ်လို အားထုတ်မှ တပည့်တော်တို့ အားကိုးရာ အစစ် ဖြစ်မလဲဆိုတဲ့ ဉစ္စာကို ဝတ္ထုသက်သေ သာဓကနဲ့တကွ ထုတ်ပြီး သကာလ ဝိပဿနာရှုနည်း ပြောပ့ါစို့ . . . (မှန်ပါ့)။

ဥပရိပဏ္ဏာသပါဠိတော် ဣန္ဒြိယဘာဝနာသုတ်ဆိုတာ ဒကာ၊ ဒကာမတို့ ဒါကိုပဲ နာကြရတော့မယ်။ ဝိပဿနာရှုတဲ့ဉာဏ်ကို အားကိုးရတော့မယ်ဆိုတာ ဒီဉာဏ် ဘယ်လိုဖြစ်လာလို့ရှိရင် တပည့်တော်တို့ ဒီဉာဏ်ဟာအားကိုးလောက်ပါမလဲလို့ ဉာဏ်ကို စစ်ဆေးကြပါစို့ . . . (မှန်ပါ့)။

ဘယ်လိုအားထုတ်လိုက်လို့ရှိရင် ဒီဉာဏ်ကို အားကိုး ရမယ်လို့ဆိုတာတော့ ဟုတ်ပါပြီ။ ဘယ်လိုမြင်တဲ့အခါမှာ တပည့်တော်တို့ ဒီဉာဏ်ကို အားကိုးထိုက်တဲ့အဖြစ်သို့ ရောက် ပါလိမ့်မယ်လို့ မေးဖို့မလိုဘူးလား . . . (လိုပါတယ်ဘုရား)။ အေး . . . ဒါကြောင့် ဉာဏ်စစ်ဆေးဖို့ပဲ ဒကာကြွယ်မှာရ တော့မယ် . . . (မှန်ပါ့)။

**ဘုန်းကြီးမေတ္တာကတော့**

ကိုင်း ဒါဖြင့် သေသေချာချာ ရှိရှိသေသေ ကိုင်းကိုင်း ညွတ်ညွတ် မှတ်မှတ်သားသားနဲ့ ဘုန်းကြီးပြောတဲ့အတိုင်း နာနိုင်ပါစေ။ ဘုန်းကြီးမေတ္တာကတော့ ရောက်ပြီ . . . (မှန် ပါ့။)

တရားနာပြီး သိကြပါစေဆိုတဲ့ မေတ္တာကကော . . . (ရောက်ပါပြီဘုရား)။ ရောက်ပြီးသကာလ ကျင့်နိုင်ကြပါစေ ဆိုတဲ့ မေတ္တာကကော . . . (ရောက်ပါတယ်ဘုရား)။

**အားကိုးရာဉာဏ် အစစ် မရရအောင်ယူ**

အဲဒီအတိုင်း ခင်ဗျားတို့ ဒီမေတ္တာကို ခံယူပြီးသကာ လ ကိုင်း . . . အားကိုးရာဉာဏ်အစစ်တော့ မရရအောင် ယူပါတော့မယ်ဆိုတဲ့ စိတ်ထားနဲ့ တရားနာ၊ တရားမှတ်၊ တရားကျင့်ကြဲ . . . (မှန်ပါ့)။ ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ မြတ်စွာ

ဘုရားသခင် ကိုယ်တော်မြတ်ကြီးတဲ့။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်ကား ဆိုလို့ရှိရင် သုဝဏ္ဏုဝနေဆိုတဲ့ ကောင်းသော ဝါးပင်ရှိတဲ့ ဌာနမှာ သူ သီတင်းသုံးပြီး ရွာ တစ်ရွာမှာ သီတင်းသုံးပြီးသကာလ နေပါတယ် . . . (မှန်ပ့ါ)။

**ဝိပဿနာ ယောင်ယောင်**

အဲဒီရွာမှာ သီတင်းသုံးပြီးသကာလ နေတော့ တက္ကသိုလ်ဆရာကြီး ပါယာသိဝိယ တက္ကသိုလ်ဆရာကြီးဆို တာ ရှိတယ် . . . (မှန်ပ့ါ)။ သူက ဝိပဿနာယောင်ယောင် နဲ့ ဟောနေတယ် . . . (မှန်ပ့ါ)။

အေး မင်းတို့သည်ကားဆိုလို့ရှိရင်ဖြင့် ကန္ဒြေ၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနဆိုတဲ့ ကန္ဒြေခြောက်ပေါက် လောဘ၊ ဒေါသ၊ မောဟမလာအောင် လုံခြုံချင်လို့ မျက်လုံး ပိတ်သာထားကွ၊ နားလဲမကြားအောင် ပိတ်သာထားကွ ရှိ ရင်သာထားကွ . . . (မှန်ပ့ါ)။

အဲဒီတင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ရောက်ပြီးသကာလ၊ ဝဋ္ဋုဝနရွာကို ရောက်ပြီး သကာလ၊ ကောင်းသော ဝါးပင်တွေရှိတဲ့ရွာကို ရောက်သွားပြီးတော့ တရားပွဲ ဆင်လိုက်ပါတယ် . . . (မှန်ပ့ါ)။

တရားပွဲ ဆင်လိုက်တဲ့အခါကျတော့ ဒကာ ဒကာမ တွေက လာကြတော့ ဒီအထဲ ပါယာသိဝိယဆရာကြီးရဲ့

အန္ဓေ ဝါသိကတပည့်ဆိုတဲ့ ဥတ္တရလုလင် ပါလာတယ် . . . (မှန်ပါ့)။

ဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီတရားပွဲထဲ ဥတ္တရလုလင်က ပါယာသီဝိဆရာကြီးရဲ့ တပည့်ဖြစ်တယ်ကွ။

## မျက်စိပိတ်နားပိတ်ထားရင်

မင်းဆရာကြီးက ဣန္ဒြေလုံခြုံအောင် ဣန္ဒြိယ ဘာဝနာ ဘယ်လိုများ ပွားများရမတုံးလို့ ပြောစမ်းပါကွာလို့ ဆိုတော့ တပည့်တော်တို့ ဆရာကြီးကတော့ ပါယာသီဝိယ ဆရာကြီးကတော့ မျက်လုံးရှိ မျက်စိပတ်ထား၊ နားရှိ နားပိတ်ထားလို့ ဆိုပါတယ်။ ဒါ လုံတာပဲကွ။

အကြွမ်းတော့ ဟုတ်နေတာပဲ . . . (မှန်ပါ့)။ အကြွမ်းသဘောကတော့ (ဟုတ်ပါတယ်ဘုရား။) ဒကာ ဒကာမတို့ မျက်လုံးပိတ်ထားသော မျက်လုံးက မြင်ရသေးရဲ့လား . . . (မမြင်ရပါဘူးဘုရား)။ မမြင်ရတော့ လောဘ လာသေးရဲ့လား . . . (မလာပါဘူးဘုရား)။

သို့သော် သူပြောတာ မျက်လုံး၊ နှာခေါင်း၊ လျှာသာ ဖြစ်နေတာ။ ဝမ်းထဲက လုံကြရဲ့လား . . . (မလုံပါဘူး ဘုရား)။

ဒီအပေါက်တွေသာလုံပြီး ဟိုအပေါက်တွေက ပွင့်နေတော့ ဣန္ဒြေလုံခြုံတယ်လို့ အင်း လောဘ၊ ဒေါသ မောဟ မလာအောင် ပိတ်ပင်နိုင်တယ်လို့ဆိုတဲ့ အဖြစ်သို့ ရောက်ပါရဲ့လား . . . (မရောက်ပါဘူးဘုရား)။

## ဥတ္တရလုလင်

အဲဒီကဲ့သို့ မရောက်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟော့ ဥတ္တရလုလင်၊ မင်းဆရာကြီးက မျက်စိရှိပိတ်ထား၊ လောဘ၊ ဒေါသ၊ မောဟ မလာအောင် နားရှိပိတ်ထား၊ လောဘ၊ ဒေါသ၊ မောဟ မလာအောင် ဆိုလို့ရှိရင်ဖြင့်ကွာ ငါ အထူးမပြောလိုတော့ပါဘူး။

## မျက်စိကန်းတွေ နိဗ္ဗာန်ရောက်ကြမှာပေါ့

အမိဝမ်းထဲက မျက်စိကန်းလာ၊ နားပင်းလာတဲ့ပုဂ္ဂိုလ်များ၊ ဣန္ဒြေလုံသောကြောင့် နိဗ္ဗာန်မင်္ဂဖိုလ် ရကြမှာပေါ့ . . . (မှန်ပါ့)။ ဣန္ဒြေလုံခြုံသောကြောင့် နိဗ္ဗာန်မင်္ဂဖိုရောက်ကြမှာပေါ့ကွာလို့ ဟောလိုက်တယ် . . . (မှန်ပါ့ )။

ဟောကော မဟောထိုက်ဘူးလား . . . (ဟောထိုက်ပါတယ်ဘုရား)။ ဘာမှလဲ မြင်တာလဲ မဟုတ်ဘူး။ ဘာမှလဲကြားတာလဲ မဟုတ်ဘူး။ အဲဒီ ပုဂ္ဂိုလ်က ဇစ္စန္ဓပုဂ္ဂိုလ်ဖြစ်ပြီးသကာလ နေသောကြောင့် ဇစ္စန္ဓမ္မတ္တကဖြစ်ပြီး သကာလ နေ

တယ်။

အဲဒီပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရ, ရမယ်ဆိုတော့ ဦးလှဘူးတို့ ပဲ စဉ်းစားကြည့်၊ ရနိုင်ပါ့မလား . . . (မရနိုင်ပါဘူးဘုရား)။ ပင်ကိုကန်းကိုဗျ . . . (မှန်ပါ့)။ ဒါနဲ့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ညီတော် အာနန္ဒာကို ခေါ်လိုက်တယ်။

**တရားအတုတွေ လွှမ်းမိုးနေပြီ**

ညီတော် အာနန္ဒာ လာအုံးဟေ့။ တရားတု တရား ယောင်တွေကဖြင့် လွှမ်းမိုးနေပြီ . . . (မှန်ပါ့)။ တရားလဲ မဟုတ်ဘူး . . . (မှန်ပါ့)။

ဒို့ အရိယာတို့၏ ဝိနည်းအဆုံးအမမှာ ဝိနည်းမှာ တော့ ဒီလို လုံခြုံရမယ်လို့ မဟုတ်ဘူး . . . (မှန်ပါ့)။

ဒီလိုပြောလိုက်တော့အခါ ညီတော် အာနန္ဒာက အရှင် ဘုရား ဒါပြောရမည့် ကာလ၊ ဟောရမည့်ကာလ၊ ဆုံးမရမည့် ကာလ ဖြစ်နေပါပြီ ဘုရား။ ဒါကြောင့် အရှင်ဘုရားသည် ဟောတော်မူပါ . . . (မှန်ပါ့)။ တောင်းပန်တယ် . . . (မှန်ပါ့)

ဒီတောင်းပန်စေချင်လို့ ပြောတာ ဒကာ ဒကာမတို့ . . . (မှန်ပါ့)။ ဒီတရား ထူးထူးလည်လည်လေး မှတ်စမ်းပါ အုံး . . . (မှန်ပါ့)။

ထူးထူးလည်လည် မှတ်စမ်းပါ ဒကာ ဒကာမတို့။

ကိုယ်တော့ လုပ်တော့ လုပ်နေတာပဲ။ လုပ်နေတာ ခရီးရောက် တယ် မရောက်တယ် ယနေ့ဟာနဲ့ ဆုံးဖြတ်ချက်ချ . . . (မှန်ပ့ါ)။

## ငါ သေရဲပြီဆိုတာ လာပါလိမ့်မယ်

ယနေ့ဟာနဲ့ ဆုံးဖြတ်ချက်ချကြည့်တော့ ဒကာ ဒကာမတွေ ရှင်းရှင်းလင်းလင်းကြီး ပေါ်လာပြီ။ ဪ ငါ သေရဲပြီဆိုတာ လာပါလိမ့်မယ် . . . (မှန်ပ့ါ)။

ငါ သေရဲပြီဆိုတာ ပေါ်လာလို့ရှိရင် ဒီအလုပ် စွဲစွဲ မြဲမြဲ ကိုးကွယ်ရာ၊ အားထားရာအဖြစ်နဲ့ပဲ ဆုံးဖြတ်ချက် ချ ကြပေတော့လို့ ပြောလိုက်တယ် . . . (မှန်ပ့ါ)။

ကိုင်း . . . ဒါဖြင့် ရဟန်းတွေစုကွာ ဆိုပြီး ရဟန်း တွေစုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလိုက် တယ်။

## ဒေါသဖြစ်တယ်

ဒီ ဒကာ ဒကာမတို့ မုန်းစရာက တစ်ယောက်၊ ခင်မင် စရာက တစ်ယောက်၊ မမုန်းမခင်က တစ်ယောက်၊ ဒီကနေ ပြီး သကာလ ဒကာ ဒကာမတွေက မျက်လုံးနဲ့ပဲ မုန်းစရာ ကြည့်လိုက်တော့ မျက်လုံးနဲ့ မုန်းစရာမြင်လိုက်တော့ ဒို့ အိမ်ရှေ့က ဖြတ်သွားတာ သူ့သဘောမကျပါဘူး . . . (မှန်ပ့ါ)

ဒီလူက ခိုးတတ် ဝှက်တတ်တယ်. . . (မှန်ပါ)။ မုန်းစရာမြင်လိုက်တော့ ဒေါသဖြစ်တယ်. . . (မှန်ပါ)။ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

## လောဘဖြစ်တယ်

ဒီပုဂ္ဂိုလ်ကျတော့ ဒို့အိမ်နားလာတယ်, ခင်ရှာတယ်, မင်ရှာတယ်, ကိုယ်ကလည်းမေတ္တာထားပါတယ်, လောဘ လာတယ်. . . (မှန်ပါ)။

မေတ္တာထားတယ်သာဆိုပါတယ် ခင်ရှာ, မင်ရှာက ပါနေတယ်. . . (မှန်ပါ)။ အလယ်ပုဂ္ဂိုလ်ကျတော့ လောဘ လာတယ်. . . (မှန်ပါ)။

## မောဟဖြစ်တယ်

ဒီပုဂ္ဂိုလ်ကတော့ ကိုယ့်အိမ်ရှေ့ဖြတ်ရုံတင် ဖြတ်သွားတာ ဘယ်သူ ဘယ်ဝါမသိလိုက်ပါဘူး။ ရုပ်လဲ, နာမ်လဲမသိ၊ ဖြစ်ပျက်လဲ မသိဘူးဆိုတော့ သူ့ကျတော့ မောဟဖြစ်တယ် . . . (မန်ပါ)။

၁, မောဟဖြစ်တယ်. . . (မှန်ပါ)။

ဒကာ ဒကာမတို့ ပုဂ္ဂိုလ်သုံးယောက်မှာ ခင်ဗျားတို့ ဝမ်းထဲမှာ ဘယ်နှစ်မျိုးဖြစ်နိုင်ပါသတုံး. . . (သုံးမျိုးဖြစ်နိုင်ပါတယ် ဘုရား)၊ လောဘ, ဒေါသ, မောဟ. . . (မှန်ပါ)။ ဒေါသ,

လောဘ, မောဟ. . .(မှန်ပါ့)။ မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

ကိုင်း - တစ်ပွဲလုံးပဲ ပြောကြစမ်းပါအုံး။ ခင်ဗျားတို့ဖြစ်စဉ်ကို. . . (ဒေါသ,လောဘ,မောဟပါဘုရား)။ ပဟာဒီဘက်က လူက ဒကာ ဒကာမတို့ ခင်ဗျားတို့နဲ့ လူရာမဝင်တဲ့သူပေါ့ဗျာ. . . (မှန်ပါ့)။

သူ့မြင်လိုက်တော့ ဘာဖြစ်တုံး. . . (ဒေါသဖြစ်ပါတယ်ဘုရား)။ ဒီပုဂ္ဂိုလ်ကတော့ ခင်ဗျားတို့အိမ်မှာ ပလူးပလဲနဲ့ အတော်ပဲ အကျိုးရွက်ဆောင်ပြီး နေတဲ့ ပုဂ္ဂိုလ်မြင်လိုက်ရပြန်တော့ ဘာဖြစ်တုံး. . . (လောဘဖြစ်ပါတယ်ဘုရား)။

အင်း. . . သူ့ကိုခင်တယ် ကျုပ်တို့က. . . (မှန်ပါ့)။ ခင်တဲ့ လောဘမလာဘူးလား. . . (လာပါတယ်ဘုရား)။

ကောင်းပြီ ဒီပုဂ္ဂိုလ် အိမ်ရှေ့မှာ နဂိုကလည်း မသွားဖူးဘူး။ အခုလဲ မသွားဖူးဘူး မြင်ကာမျှပဲ ရှိလိုက်တယ်။ ဘယ်သူရယ် ဘယ်ဝါရယ်လို့ မသိလိုက်ဘူးဆိုလို့ရှိရင်ဖြင့် မသိလိုက်တဲ့ အဝိဇ္ဇာ. . . (မှန်ပါ့)။

## မျက်လုံးဖွင့်ထားလို့ ဖြစ်ရတာ

ဒေါသ, လောဘ, မောဟပုဂ္ဂိုလ်ကဘယ်နှစ်ယောက်ပါလိမ့်. . . (သုံးယောက်ပါဘုရား)။ ဒါ မျက်လုံးဖွင့်ထားလို့

ဖြစ်ရတာပဲ . . . (မှန်ပါ့)။

မျက်လုံးဖွင့်ထားတဲ့အတွက် ပထမပုဂ္ဂိုလ်အတွက် ဒေါသ, ဒုတိယပုဂ္ဂိုလ်အတွက် . . . (လောဘပါဘုရား)။ အင်း တတိယပုဂ္ဂိုလ်အတွက် . . . (မောဟပါဘုရား)။

ဒါ မျက်လုံးဖွင့်ထားလို့ရှိရင် ထုံးစံအတိုင်း ဖုထုဇဉ်မှာ လာမှာပဲ . . . (မှန်ပါ့)။ မလာနဲ့ဆိုလို့ . . . (မရပါဘူး ဘုရား)။ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါ ကြပ်ကြပ် သတိထား၊ ဒါ ကြပ်ကြပ်သတိထားပါ . . . (မှန်ပါ့)၊ ဝိပဿနာ အစစ်ဖြစ်ရမှာ။ အဲဒီတော့ကွာ။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကောင်းတဲ့အာရုံမြင်တော့လဲ လောဘဖြစ်တယ်ကွာ။ မကောင်းတဲ့အာရုံ မြင်တော့လဲ ဒေါသဖြစ်တယ်။ မကောင်းတကောင်း အာရုံမြင်ပြန်တော့ မောဟဖြစ်တယ်ကွာတဲ့။

## ဤကြမ်းခြေတွေ လုံခြုံအောင် ဘယ့်နှစ်လုပ်မတုံး

ကိုင်း ဒါဖြင့် သေသေချာချာ ရိုရိုသေသေ ကိုင်းကိုင်းညွတ်ညွတ် မှတ်မှတ်သားသားနဲ့ ဘုန်းကြီးပြောတဲ့အတိုင်း နာနိုင်ပါစေ။ ဘုန်းကြီးမေတ္တာကတော့ ရောက်ပြီ . . . (မှန်ပါ့။)

ဒီကနေပြီးသကာလ သူတို့ကို မကြည့်နဲ့တော့။

ကိုယ့်ဝမ်းထဲပေါ်တဲ့ သုံးခုကိုကြည့် . . . (မှန်ပါ့)။ သဘော ကျပလား . . . (ကျပါပြီဘုရား)။

ဘာကြည့်ရမတုံး . . . (ကိုယ့်ဝမ်းထဲပေါ်တဲ့ သုံးခု ကို ကြည့်ရပါမယ်ဘုရား) ကိုယ်ဝမ်းထဲပေါ်တာကို ကြည့်ရ မှာ။ ကိုယ်ကတော့ ပေါ်တော့ပေါ်မှာပဲ။ မထူးဘူး ခင်ဗျားတို့ က ပေါ်ပြီးသားဖြစ်နေတယ် . . . (မှန်ပါ့)

ကိုယ်နဲ့ရန်သူမြင်ရင် ဒေါသဖြစ်မှာပဲ။ ကိုယ်ချစ်တဲ့ ပုဂ္ဂိုလ်တွေ့ရင် လောဘဖြစ်မှာပဲ။ ကိုယ်နဲ့ မသိတဲ့ပုဂ္ဂိုလ်ဖြစ်ရင် . . . (မောဟဖြစ်ပါတယ်ဘုရား)။

မောဟဖြစ်မှာ ဘာမှမသိပဲကိုဗျ . . . (မှန်ပါ့)၊ ဘာ မှ မသိတော့ မောဟဖြစ်တယ်တဲ့။ အဲဒီဖြစ်တဲ့တရားဟာ ဒကာ ဒကာမတို့ ကြည့်မိလို့ဖြစ်တာ မကြည့်မိဘဲနဲ့ ဖြစ်တာ လား . . . (ကြည့်မိလို့ဖြစ်တာပါဘုရား)။

## အကြောင်းကြောင့်ပေါ်လာတာ

ဩော် . . . ဒါနဲ့ ကြည့်ခြင်းက အကြောင်း . . . (မှန်ပါ့)၊ ဖြစ်ပေါ်လာတာက . . . (အကျိုးပါ့)။ ဒီလောဘ, ဒေါသ, မောဟ ဒီကနေပြီး မျက်လုံးနဲ့ ဒကာ ဒကာမတွေက ကြည့်မိလို့ . . . (မှန်ပါ့)။

ဖြစ်ရတယ်ဆိုတာ သေချာကြပလား . . . (သေချာ

ပါတယ်ဘုရား)။ ကောင်းပြီ။ ဒါဖြင့် မုန်းတဲ့ပုဂ္ဂိုလ် ဒီမျက်လုံးနဲ့ ကြည့်လိုက်တော့ ဒေါသ ဟုတ်လား. . . (မှန်ပါ)။

ခင်စရာ ပုဂ္ဂိုလ်ကြည့်လိုက်တော့. . . (လောဘဖြစ်ပါတယ်ဘုရား)။ လောဘဖြစ်တယ်နော်။ တစ်ခါမှမသိတဲ့ ပုဂ္ဂိုလ် ဒီမျက်လုံးနဲ့ ကြည့်လိုက်တော့. . . (မောဟဖြစ်ပါတယ်ဘုရား)။

မောဟဖြစ်တော့ ဒီတရားတွေ ဒကာသစ်ရဲ့ အလိုလို ပေါ်လာတာလား။ အကြောင်းကြောင့် ပေါ်လာတာလား. . . (အကြောင်းကြောင့် ပေါ်လာတာပါဘုရား)။

ဒါဖြင့် အကြောင်းကြောင့် ပေါ်လာလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ "တိဏ္ဏံသင်္ဂတိ ဖဿော ဖဿပစ္စယာဝေဒနာ"ဆိုတဲ့အတိုင်း ဒီ ဒေါမနဿဝေဒနာ အင်း ဒေါမနဿဝေဒနာပေါ်တယ်။ သောမနဿဝေဒနာပေါ်တယ်။ ဥပေက္ခာဝေဒနာပေါ်တယ် မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## ကြမ်းတမ်းတဲ့တရား၊ အဝိဇ္ဇာရိက

ဥပေက္ခာဆိုတာ မောဟပါပဲ. . . (မှန်ပါ)။ အဲဒီတော့ ဒီတရားဟာ ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်တရားလို့ မှတ်စမ်းပါ. . . (မှန်ပါ)၊ ကြမ်းတမ်းတဲ့တရားလို့ကော. . .

(မှတ်ထားရမှာပါဘုရား)။ ကိုယ့်သန္တာန်ပေါ်တာ ကိုယ်သိတာကို. . . (မှန်ပါ့)။

ကိုယ့်သန္တာန်ပေါ်တာ ကိုယ်သိတော့ ကြမ်းတမ်းတဲ့တရားဆိုရင်ကော. . . (ဟုတ်ပါတယ် ဘုရား)။ သခ်ိတတရား ပြုပြင်လို့ပေါ်လာတဲ့တရားဆိုရင်ကော. . . (မှန်ပါတယ်ဘုရား)။

အဲ ဩော် ဒါဖြင့် ဒီတရားသည် သခ်ိတတရား၊ ကြမ်းတမ်းတဲ့တရား(ဝါ) ပဋိစ္စသမုပ္ပန္နတရား. . . (မှန်ပါ့)။ ဒကာသစ် မှတ်မိပလား. . . (မှတ်မိပါပြီဘုရား)။

## ပြုပြင်လို့ ပေါ်လာတဲ့သခ်ိတတရား

သခ်ိတတရားဆိုတာလဲ ပြုပြင်လို့ ပေါ်လာတာ . . . (မှန်ပါ့)။ ဟုတ်လား. . . (မှန်ပါ့)။ ဩဠာရိကတရား ကြမ်းတမ်းတဲ့တရားဆိုတာလဲ ကိုယ့်သန္တာန်ပေါ်နေတာ ကိုယ်သိနေလို့ ဩဠာရိကတရား. . . (မှန်ပါ့)။

လောဘပေါ်လည်း ကိုယ် သိတာကိုးဗျာ့ . . . (မှန်ပါ့) ဒေါသပေါ်လဲ သိတာပါပဲ။ မောဟပေါ်လဲ . . . (သိတာပဲဘုရား)၊ ဒါဖြင့် ကြမ်းတမ်းတဲ့တရားမို့သိတာ . . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အေး. . . သခ်ိတတရား၊ ဩဠာရိကတရား၊ ပဋိစ္စ

သမုပ္ပန္နတရား၊ ဒီဘက်က ပဋိစ္စသမုပ္ပါဒ်၊ ဒီဘက်က ပဋိစ္စ သမုပ္ပန္န အကျိုးတရား . . . (မှန်ပါ)။ ပဋိစ္စသမုနပ္ပန္နတရား ကော ဟုတ်ပါရဲ့လား . . . (ဟုတ်ပါတယ်ဘုရား)။

**သင်္ခတတရားကို မဂ္ဂင် (၅) ပါးနဲ့ရှု**

အဲဒီလို သိထားတော့၊ ဩော် . . . ဒီတရားတွေ ဟာ ဆိုလို့ရှိရင်ဖြင့် သင်္ခတတရားလို့ပဲ နောက်ကနေပြီး ဒကာ သစ်တို့က မဂ္ဂင် ၅ပါးနဲ့ ရှု . . . (မှန်ပါ)။

ပေါ်လာတဲ့တရားလေးပါး၊ ဥပမာ ဒီတရားလေးပါး ပေါ်လာတယ်။ လောဘလေးပေါ်လာတယ်။ သင်္ခတတရား ပါလားလို့ သိလိုက် . . . (မှန်ပါ)။

သိလိုက်တဲ့အခါကျလို့ရှိရင် သင်္ခတတရားလေး ရှိ သေးရဲ့လား . . . (မရှိတော့ပါဘုရား)။ သင်္ခတတရားလေး က ဖြစ်ပြီးပျက်သွားတယ် . . . (မှန်ပါ)။ အင်း . . . ဒီတရား လေးပဲ သင်္ခတရားလို့ပဲ နှလုံးသွင်းလိုက်စမ်း . . . (မှန်ပါ)။ ရှိသေးရဲ့လား . . . (မရှိတော့ပါဘုရား)။

ဒီတရားလေးပဲ သင်္ခတတရားလေး၊ နောက်ရှုတဲ့ ဉာဏ်ပေါ်လာလို့ရှိရင် သူတို့က သင်္ခတတရားပဲ။ ပေါ်လာတဲ့ တရားလေးဟာ သင်္ခတတရားလေးပဲလို့ ရှုပေးလိုက်ပါ . . . (မှန်ပါ)

ရှုပေးလိုက်တဲ့အခါကျရင်ဖြင့် သူလဲ ရှိသေးရဲ့လား

. . . (မရှိတော့ပါဘုရား)။ မရှိတော့ဘူး။ ဒါလဲ မရှိတဲ့ တရား . . . (မှန်ပါ့)။

## မရှိတဲ့တရားချင်း တူနေတယ်

ဒေါသလဲ မရှိတဲ့တရား။ လောဘကော . . . (မရှိတဲ့ တရားပါဘုရား)။ မောဟကော . . . (မရှိတဲ့တရားပါဘုရား)။

မရှိတဲ့တရားချင်း တူမနေဘူးလား . . . (တူနေပါ တယ်ဘုရား)။ ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ရှုလိုက် တော့ မရှိတဲ့တရားချင်း တူနေတယ် . . . (မှန်ပါ့)

မရှိတဲ့တရားချင်း တူနေတာကို ဒီ ဝိပဿနာမဂ်က မမြင်ဘူးလား . . . (မြင်ပါတယ်ဘုရား)။

အင်း . . . ဝိပဿနာမဂ်က မရှိတဲ့တရားချင်း တူနေ တာကိုး။ ဝမ်းထဲက လောဘကြည့်လိုက်ပြန် မရှိတာတွေ့။

အင်း . . . ဒေါသကြည့်လိုက်ပြန်ကော . . . (မရှိ တာ တွေ့ပါတယ်ဘုရား)။ အေး . . . မောဟကြည့်လိုက် တော့ကော . . . (မရှိတာ တွေ့ပါတယ်ဘုရား)။

## သစ်တတရားတွေ ပျောက်သွားတယ်။

မရှိတာတွေ့တော့ သစ်တရားတွေ ပျောက်, ပျောက် သွားတယ် . . . (မှန်ပါ့)။

'သဗ္ဗေသစ်ရာအနိစ္စ' ဆိုတဲ့အတိုင်း ပျောက်, ပျောက်

မသွားဘူးလား. . . (ပျောက်သွားပါတယ်ဘုရား)။ မရှိတာ ချည်း တွေ့မနေဘူးလား. . . (တွေ့နေပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မရှိတာချည်းတွေတော့ ကို စဉ်းစားကြည့်ပါတဲ့။ ပဏ္ဍိသပါဠိတော်က ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မရှိတာချည်း တွေ့နေတဲ့ ဉာဏ်ပဲ . . . (မှန်ပါ့)။

ဒီဉာဏ်သည်ဘာကို တွေ့ပါလိမ့်. . . . (မရှိတာ ချည်း တွေ့ပါတယ်ဘုရား)။ မရှိတာချည်းတွေ့တဲ့ ဉာဏ်ဆို တာ သေချာပလား. . . (သေချာပါတယ်ဘုရား)။ ဒါဖြင့် ဒီ ဉာဏ်သည် ဒကာ ဒကာမတို့ ဝိပဿနာ ရှုတာပဲတဲ့။ မရှိ တာလဲ သူသိတယ်. . . (မှန်ပါ့)။ ဝိပဿနာကိုတော့ သူ မသိဘူးလား. . . (သိပါတယ်ဘုရား)။ ဒါ ဝိပဿနာဉာဏ်ပဲ နော်. . . (မှန်ပါ့)။

## ဒီဉာဏ်သည် ဝိပဿနာဉာဏ်

ဒီဉာဏ်သည် ဝိပဿနာဉာဏ်ပဲတဲ့၊ ဝိပဿနာ ဉာဏ်သည် ဖြစ်ပြီးမရှိတာ သူသိတယ်။ ဖြစ်ပြီးမရှိတာ. . . (သူသိပါတယ်ဘုရား)။

ဖြစ်ပြီးမရှိတာ. . . (သိပါတယ်ဘုရား)။ သိတော့ ကို တစ်တန်းတည်းမရှိတာ. . . (သိပါတယ်ဘုရား)။ လောဘ

ရယ်လို့ သိတာလား။ ဒေါသရယ်လို့ သိတာလား။ မောဟရယ်လို့ သိတာလား . . . (မဟုတ်ပါဘူးဘုရား)။

ဒါဖြင့် ဘယ်လိုသိပါလိမ့်။ ဖြစ်ပျက်ပဲလို့ သိပါတယ်။ ဘယ်လို သိပါလိမ့် . . . (ဖြစ်ပျက်ပဲလို့ သိပါတယ်ဘုရား။)

ဖြစ်ပျက်ပဲလို့ သိတယ်ဆိုတာ ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။ အဲဒီလို ဖြစ်ပျက်ပဲလို့ သိနေတော့ ဟောဒီဝိပဿနာဉာဏ်ဟာ ခင်ဗျားတို့ သာမည အောက်မေ့မနေနဲ့ . . . (မှန်ပါ့)။

## ဝိပဿနူပေက္ခါဉာဏ်

ဝိပဿနုပေက္ခါဉာဏ် . . . (မှန်ပါ့)၊ ဘာဉာဏ်တဲ့ . . . (ဝိပဿနုပေက္ခါဉာဏ်ပါဘုရား)။ ဝိပဿနုပေက္ခါဉာဏ်တဲ့။ အကုန်ဥပေက္ခာထားရှုတဲ့ဉာဏ် . . . (မှန်ပါ့)၊ ဖြစ်ပျက်မြင်တဲ့ ဉာဏ်ဟာ ဘာဉာဏ်တဲ့ . . . (ဝိပဿနုပေက္ခါဉာဏ်ပါဘုရား)။

ဝိပဿနာတော့ ဝိပဿနာပဲတဲ့။ ဥပေက္ခါတစ်တန်းတည်း ထားရှုတယ် . . . (မှန်ပါ့)။ ဒါဖြင့် တစ်တန်းတည်းထားရှုနိုင်တော့၊ ဒုက္ခဝေဒနာ ပစ္စယာဒေါသော နောက်ကလိုက်သေးရဲ့လား . . . (မလိုက်ပါဘုရား)။

တဏှာပစ္စယာ ဥပါဒါန်ကော . . . (မလိုက်ပါဘူး

ဘုရား)။ အဝိဇ္ဇာပစ္စယာ သင်္ခါရာကော. . . (မလိုက်ပါဘူး ဘုရား)။

၁၁-ဒေါ်သနောက်က သောကပရိဒေဝလဲ မလိုက်ဘူး။ လောဘနောက်က တဏှာ ဥပါဒါန်ကံတွေကော. . . (မလိုက်တော့ပါဘူး ဘုရား)။

ဒီဘက်က မောဟရှုလိုက်၊ မောဟကို တစ်တန်းတည်း ထားရှုလိုက်တော့ အဝိဇ္ဇါပစ္စယာ သင်္ခါရာတွေကော . . . (မလိုက်ပါဘူးဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ပြတ်သွားတယ်

မလိုက်တော့ဘူးဆိုတော့ တစ်တန်းတည်းထားရှုနိုင်တဲ့ မဂ္ဂင်၏ သတ္တိသည် ပဋိစ္စသမုပ္ပါဒ် ပြတ်သွားတယ်. . . (မှန်ပါ)။ တစ်တန်းတည်းထားတဲ့ စွမ်းရည်သတ္တိသည် ပဋိစ္စသမုပ္ပါဒ် ပြတ်သွားပါတယ်။

ဒါဖြင့် ဒကာ ဒကာမတို့၊ ဦးလှဘူးတို့က ဘယ်ဉာဏ်အားကိုးရမယ်ဆိုတာ ဖြစ်ပျက်ကို တစ်တန်းတည်း ထားနိုင်တဲ့ ဉာဏ်အားကိုးပါ. . . (မှန်ပါ)။ ရှင်းကြပလား. . . (ရှင်းပါတယ်ဘုရား)။

ဘာကို အားကိုးရမယ်. . . (ဖြစ်ပျက်ကို တစ်တန်းတည်း ထားနိုင်တဲ့ဉာဏ်ကိုအားကိုးရပါမယ်ဘုရား)။ ကောင်း

ပြီ။ ဒါဖြင့် လောဘရယ်လို့လဲ တွေ့သေးရဲ့လား. . . (မတွေ့ပါ ဘုရား)။

ဒေါသရယ်လို့. . . (မတွေ့တော့ပါဘုရား)။ မောဟရယ်လို့. . . (မတွေ့တော့ပါဘူးဘုရား)။ အင်း. . . ဘာပဲတွေ့ပါလိမ့်. . . (ဖြစ်ပျက်ပဲ တွေ့ပါတယ်ဘုရား)။

ဖြစ်ပျက်ပဲ တွေးရှုကြည့်ပါတဲ့။ ဒီနေ့ ပြန်ပြီး ရှုကြည့်ပါ။ လောဘလေးလာလဲ ဘုန်းကြီး ရှုခိုင်းလို့ ငါရှုတော့ မရှိတာပဲ တွေ့တယ်. . . (မှန်ပါ)။

ဒကာကြွယ် ရှုကြည့်တော့ ဘယ့်နှယ်နေတုံး. . . (မရှိတာပဲ တွေ့ပါတယ်ဘုရား)။ ဒေါသလေး ရှုခိုင်းတာလဲ ဆရာဘုန်းကြီးက ရှုခိုင်းလို့ ရှုတာပဲတဲ့။ "သဒေါသစိတ္တံ-သဒေါသစိတ္တန္တိ ပဇာနာတိ" လို့ ရှုခိုင်းတယ်။

သုခဝေဒနာ၊ ဒုက္ခဝေဒနာတွေလဲ ရှုခိုင်းတယ်။ ကိုယ်တွေ့တာက ဘာတွေ့တုံး. . . ။ (မရှိတာပဲ တွေ့ပါတယ်ဘုရား)။

## ဖြစ်ပြီးပျက်တဲ့ မရှိတာပဲတွေ့တယ်

ဖြစ်ပြီးပျက်တဲ့ မရှိတာပဲ တွေ့တယ်. . . (မှန်ပါ)။ ဘာတွေ့ကြပါလိမ့်. . . (ဖြစ်ပျက်မရှိတာ တွေ့ပါတယ်ဘုရား)။ ဖြစ်ပျက်မရှိတာပဲ တွေ့ပါတယ်ဆိုတာ သေချာ

ပလား. . .။ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီဉာဏ်သည် ဘယ်လိုထူးထူးခြားခြား မြင်သေးသတုံးလို့ မေးလို့ရှိရင် တစ်တန်းတည်း မြင်တယ်ဘုရား . . . (မှန်ပါ့)။

ဘယ်လိုမြင်ပါလိမ့်. . . (တစ်တန်းတည်း မြင်ပါတယ်ဘုရား)၊ တစ်တန်းတည်းမြင်တယ်ဆိုတာ သေချာပလား. . .။ (သေချာပါတယ်ဘုရား)။ အင်း-ဒီဉာဏ် ဘာဉာဏ်ခေါ်ကြမယ်။ (ဝိပဿနုပေဉာဏ် ခေါ်ပါတယ် ဘုရား)။

## ဘာဉာဏ်ခေါ်ကြမယ်

ဝိပဿနုပေက္ခာဉာဏ် ဥပေက္ခာဉာဏ် တစ်တန်းတည်း ထားတဲ့ဉာဏ်. . . (မှန်ပါ့)။ ဘာဉာဏ်ခေါ်ကြမယ် . . . (ဝိပဿနုပေက္ခါဉာဏ် ခေါ်ပါတယ်ဘုရား)။

ဝိပဿနာဉာဏ် ဟုတ်တယ်တဲ့။ ဥပေက္ခါလဲ ထားနိုင်တဲ့ ဉာဏ်. . . (မှန်ပါ့)။ အဲဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါဘုရားသာသနာတော်မှာ ကွာတဲ့၊ ဣန္ဒြေလုံဆိုတာလာတဲ့ ဥစ္စာကို သန်တတရား၊ သြဠာရိကတရား မဇ္ဈိမသမုပ္ပန္နဘုရားလို့ မင်းတို့ ရှုလိုက်လို့ ရှိရင် (ဝါ) ဖြစ်ပျက်ရှုလိုက်လို့ ဒီဘက်မှာ ဣန္ဒြေလုံတယ်၊ မလုံတယ်

လောဘာရယ်လို့ ဒကာ ဒကာမတို့ နောက်က အဆက်ပါလာ သေးရဲ့လား . . . . (မပါတော့ပါဘုရား)။

ဒေါသနောက်က . . . (မလာတော့ပါဘူး ဘုရား) မောဟနောက်က . . . (မလာတော့ပါဘူးဘုရား)၊ အဆက် မလာတော့ဘူးဆိုနာ သချာပလား . . . (သေချာပါတယ် ဘုရား)။

## ဒါမှ ဣန္ဒြိယဘာဝနာအစစ်

အဲဒါမှ ဣန္ဒြိယဘာဝနာအစစ်ကွ၊ ဖွင့်ရှု . . . (မှန် ပါ့)။ မျက်လုံးပိတ်ရှုရမှာလား၊ ဖွင့်ရှုရမှာလား . . . (ဖွင့်ရှုရ မှာပါဘုရား)။ ဖွင့်ရှုပါတဲ့ ဒကာ၊ ဒကာမတို့ ဘာမှကိစ္စမရှိ ပါဘူးတဲ့ . . . (မှန်ပါ့)။

ဒီမျက်လုံးပေါက်က လာမှာပဲကွတဲ့။ ရန်သူနဲ့တွေ့ရင် ဒေါသလာမှာပဲ . . . (မှန်ပါ့)၊ မိတ်ဆွေနဲ့တွေ့ရင် . . . (လောဘလာမှာပါဘုရား)၊ တစိမ်းနဲ့တွေ့ရင် . . . (မောဟ လာမှာပါဘုရား)။ မောဟစိတ်လာမှာပဲ။ တစိမ်းဆိုတော့ ဘာမှမသိလိုက်ကို . . . (မှန်ပါ့)။ အဲ . . . လာတော့လာမှာ ပဲတဲ့။

လာတာသည် ဒီဥစ္စာအကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရားလေး အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရား

လေး၊ ပဋိစ္စသမုပ္ပါဒ် အကျိုးတရားလေးလို့ သိပေးလိုက်လို့ ရှိရင်ဖြင့် ဖြစ်ပျက်သိတာပါပဲ. . . (မှန်ပါ့)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ လာတဲ့လောဘ ဘာလုပ်ကြမတုံး. . . (ဖြစ်ပျက်ရှုကြရမှာပါဘုရား)။ ခင်ဗျားတို့က ရှုရမှာလား။ သူက ပြောသွားတာလား. . . (သူက ပြောသွားတာပါဘုရား)။

## ရှုရမှာလား၊ သူက ပြောသွားတာလား

ဒေါသလာပြန်တော့လဲ ခင်ဗျားတို့က ဘယ့်နှယ်တုံး . . . ။(ဖြစ်ပျက်ရှုရမှာပါဘုရား)။ ခင်ဗျားတို့က ရှုရမှာလား။ သူက ပြောသွားမှာလား. . . (သူက ပြောသွားမှာပါဘုရား)။

မောဟလေးပါလာတော့ ဘုန်းကြီးက ရှုခိုင်းတယ်။ ရှုလိုက်တော့ ခင်ဗျားတို့ ဘာတွေ့မတုံး. . . (ဖြစ်ပျက်တွေ့ရမှာပါဘုရား)။ ဖြစ်ပျက်သွားတာ မရှိတာ မတွေ့ရလား . . (တွေ့ရပါတယ်ဘုရား)။

ဒါဖြင့် ခုနကပြောတော့ ဒကာ ဒကာမတို့ ဒီဟာက လည်း လောဘရယ်လို့ ရှုခိုင်းတာလဲ၊ ဖြစ်ပြီးပျက်တဲ့ အနိစ္စ ဟုတ္တာ အဘာဝ ဌေ နအနိစ္စပဲ သွားတွေ့တယ်. . . (မှန်ပါ့)။

ဒေါသရှုလိုက်ပြန်တော့လဲ ဟုတ္တာ အဘာဝ ဌေ နှ

အနိစ္စဖြစ်ပြီး မရှိတာဘဲ တွေ့တယ်. . . (မှန်ပါ့)။

ဖြစ်ပြီး မရှိတာပဲ မတွေ့လိုက်ဘူးလား. . . (တွေ့လိုက်ပါတယ်ဘုရား)။ ဒီဉာဏ်သည် တွေ့ပုံထူးသလား၊ တစ်တန်းတည်းတွေ့သလား. . . . (တစ်တန်းတည်း တွေ့ပါတယ်ဘုရား)။

## ဝိပဿနာဉပေက္ခါဉာဏ်

တစ်တန်းတည်းတွေ့တဲ့ဉာဏ် ဘာဉာဏ်ခေါ်ကြမယ်. . . (ဝိပဿနုပေက္ခါဉာဏ်ပါဘုရား)၊ ဝိပဿနုပေက္ခါဉာဏ်. . . (မှန်ပါ့)။ ဝိပဿနာဉပေက္ခါဉာဏ်. . . (မှန်ပါ့)။

နားမလည်တဲ့ ပုဂ္ဂိုလ်များကလည်း သန္ဓိမုစ်ပါနဲ့တော့နော်. . . (မှန်ပါ့)။ ဝိပဿနာဉပေက္ခါဉာဏ်၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။ ဘာဉာဏ်ခေါ်ပါလိမ့်မျာ. . . (ဝိပဿနာဉပေက္ခါဉာဏ်ပါဘုရား)။

ဝိပဿနာလဲ ဟုတ်တာပဲ။ ရှုလဲ ရှုသေးတာကိုး . . . (မှန်ပါ့)။ တစ်တန်းတည်းထားနိုင်တဲ့အတွက် ဉပေက္ခါကော. . . (ဟုတ်ပါတယ်ဘုရား)။

ဒီဟာတွေ တစ်တန်းတည်းထားနိုင်တဲ့အတွက် မာဝိဂစ္ဆန္ဒကမ္မသကာ၊ ကမ္မသကာဆိုတော့ အလုံးစုံကမ္မသကာချည်းပဲဆိုတော့ သားရော၊ သမီးရော အကုန်ပ်

. . . (ပါပါတယ်ဘုရား)။

သားရော၊ သမီးရော၊ ဉာတိရော၊ ရန်သူရော . . . (မှန်ပါ့) ဒီမှာလည်း ဥပေက္ခာထားနိုင်တယ်ဆိုကတည်းက ကိုယ်က ဝိပဿနာရှုပြီးထားတဲ့ ဥပက္ခော . . . (မှန်ပါ့)။

ဘာ ဥပေက္ခာတဲ့ . . . (ဝိပဿနာ ရှုပြီးထားတဲ့ ဥပေက္ခာပါဘုရား)။ ဝိပဿနာဥပေက္ခာဉာဏ်တဲ့ ဒကာ ဒကာမတို့ . . . (မှန်ပါ့)။

ဘာဉာဏ် ခေါ်ကြမယ် . . . (ဝိပဿနုပေက္ခာ ဉာဏ်ပါဘုရား)၊ ဝိပဿနာ့ကော ရှုတော့ သူ့ဘက်ကိုတော့ မရှုရပေဘူးလား . . . (ရှုရပါတယ်ဘုရား)။

## ရှုတဲ့အခါ တစ်တန်းတည်းမြင်ရတယ်

ရှုတဲ့အခါကျတော့ သီးသန့်တစ်မျိုး တစ်မျိုးစီ မြင်ရတာလား၊ တစ်တန်းတည်း မြင်ရသလား . . . (တစ်တန်းတည်းမြင်ရပါတယ်ဘုရား)။

ဒါဖြင့် ရှုပြီး တစ်တန်းတည်း မြင်သောကြောင့် ဝိပဿနာဥပေက္ခာဉာဏ်ဖြစ်တယ် . . . (မှန်ပါ့)။ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘာ ဉာဏ်ဖြစ်ပါလိမ့် . . . ။ (ဝိပဿနာဥပေက္ခာဉာဏ် ဖြစ်ပါတယ်ဘုရား)။ ဝိပဿနာ ဥပေက္ခာဉာဏ်ဖြစ်

တယ်ဆိုတော့ ခင်ဗျားတို့ သန္တာန်မှာလော်ဘကလေးလာတဲ့ တရားလေး ဒေါသလေးလာတယ်ဆိုတော့ ကြည့်လိုက်တော့ မရှိ . . . (မရှိတော့ပါဘူးဘုရား)။ ဒေါသ ဉာဏ်နဲ့ကြည့်လိုက်တော့ . . . (မရှိတော့ပါဘူးဘုရား)။

မောဟလေး လာလို့ ကြည့်လိုက်ပြန်တော့ကော . . . (မရှိပါဘူးဘုရား)။ မရှိတာချည်း မတွေ့ရပေဘူးလား . . . (တွေ့ရပါတယ်ဘုရား)။

## မရှိတာတွေ့တဲ့ဉာဏ် ဘာဉာဏ်ခေါ်မလဲ

ဒကာ ဒကာမတို့သန္တာန် ဘယ်တရားရှုလိုက် ရှုလိုက် မရှိတာချည်းပဲလို့ တွေ့ရပါတယ် . . . (မှန်ပါတယ်)။ ဒါဖြင့် မရှိတာ တွေ့တဲ့ဉာဏ် ဘာဉာဏ်ခေါ်ကြမယ် . . . (ဝိပဿနာဉပေက္ခာဉာဏ်ပါဘုရား)။

ဝိပဿနာဉပေက္ခာဉာဏ် . . . (မှန်ပါ)။ သဘောကျပလား . . . (ကျပါပြီဘုရား)။ ကောင်းပြီ ဘာဉာဏ်တဲ့ . . . (ဝိပဿနာဉပေက္ခာဉာဏ်ပါဘုရား)။

ကိုင်း ဒကာ၊ ဒကာမတို့ ဣန္ဒြေလုံပါတယ်တဲ့၊ ဟိုဘက်သွားသေးရဲ့လား . . . (မသွားတော့ပါဘုရား)။ သူတို့ကလည်း ဒေါသ သောက ပရိဒေဝကို လှည့်သေးရဲ့လား . . . (မလှည့်ပါဘူးဘုရား)။

လောဘကလည်း တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ဇရာ၊ မရဏ ဆက်သေးရဲ့လား. . . (မဆက်တော့ပါဘူးဘုရား)။ မောဟကလည်း အဝိဇ္ဇာဖြစ်နေတော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ သူ ဆက်နိုင်သေးရဲ့လား. . . (မဆက်နိုင်တော့ပါဘုရား)။ ဒကာ ဒကာမတို့ ဘယ့်နှယ် ကြောင့် မဆက်နိုင်ပါလိမ့်မတုံးဆိုတော့ လောဘကလည်း လောဘမဟုတ်တော့ဘူး ဘုရား ဖြစ်ပျက် . . . . (မှန်ပါ)။

ဒေါသကလည်း. . . (ဖြစ်ပျက်ပါဘုရား)၊ မောဟက လည်း. . . (ဖြစ်ပျက်ပါဘုရား)။ ဒါချည်းနောက်က ဉာဏ်က မြင်မနေဘူးလား. . . (မြင်နေပါတယ်ဘုရား)။ တစ်တန်း တည်း မြင်သောကြောင့် သူ့ ဘာဉာဏ်ခေါ်ကြမယ်. . . (ဝိပဿနာဥပေက္ခါဉာဏ်ပါဘုရား)။

## ဒီတစ်လုံးပိုင်ရင် ကျွတ်လုံ့သွားတယ်

အေး ဒီတစ်လုံးပိုင်သွားတာပဲ။ ဒီနေ့တစ်နေ့လုံးမှာ ဒီတစ်နာရီပြောမယ့်အထဲက ဒီတစ်လုံးကို ပိုင်နေလို့ရှိရင် ဖြင့် ဒကာ ဒကာမတို့ ကျွတ်လုံ့သွားတာပဲ. . . (မှန်ပါ)။ သဘောကျပလား. . . (ကျပါပြီဘုရား)။

မျက်လုံးပိတ်ထားရတာ ဟုတ်ကဲ့လား. . . (မဟုတ် ပါဘုရား)။ ပေါ်တာ ရှုပစ်လိုက်တာ. . . (မှန်ပါ)။ ဖွင့်ပြီး

သကာလ. . . (ပေါ်တာ ရှုပစ်လိုက်ရပါတယ်ဘုရား)။

ပေါ်တာ ရှုလိုက်ခြင်းကြောင့်လဲ ဒကာ ဒကာမတို့ ကွန္ဒေထဲမှာ လောဘ, ဒေါသ, မောဟ, သောက, ပရိဒေဝ ပဋိစ္စသမုပ္ပါဒ်တရားတွေဟာ သူ့အစဉ်အတိုင်း ဖြစ်နိုင်တဲ့ စွမ်းရည်သတ္တိရှိသေးရဲ့လား. . . (မရှိတော့ပါဘူးဘုရား)။

အကုန် စွမ်းရည်သတ္တိတွေ တုံးသွားတယ်. . . (တုံး သွားပါတယ်ဘုရား)။ အဲဒါ ဘယ့်နှယ်ကြောင့် တုံးသွားပါ လိမ့်မတုံး မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြပါလိမ့်မတုံး. . . (ဝိပဿနာ တစ်တန်းတည်း ထားနိုင်လို့ပါဘုရား)။ တစ် တန်းတည်း ထားနိုင်လို့. . . (မှန်ပါ့)။ ဘယ်လိုပါလိမ့်. . . (တစ်တန်းတည်း ထားနိုင်လို့ပါဘုရား)။

## ဖြစ်ပျက်နဲ့ မဂ်နဲ့ချည်း သွားကိုက်တယ်

တစ်တန်းတည်းထားနိုင်တဲ့အတွက်တဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၌ ဘာစိတ်မှ မလာဘဲနဲ့ ဖြစ်ပျက်မဂ်ချည်း သွားကိုက်နေတယ်. . . (မှန်ပါ့)။

ဘယ်လိုပါလိမ့်. . . (ဖြစ်ပျက်နဲ့ မဂ်နဲ့ချည်း သွား ကိုက်နေပါတယ်ဘုရား)။ ဖြစ်ပျက်နဲ့ မဂ်နဲ့ချည်း သွားကိုက် နေတော့တယ်ဆိုတာ မသေချာဘူးလား. . . (သေချာပါ တယ်ဘုရား)။

ဒါဖြင့် ဟောဒီမဂ်သည်ကား ဆိုလို့ရှိရင် သဋ္ဌိရုပေက္ခာဉာဏ်ပေါ့ဗျာ . . . (မှန်ပါ့)။ ဝိပဿနုပေက္ခာမဂ်ပေါ့လေဗျာ။ ဝိပဿနုပေက္ခာလို့ပဲ ဆိုချင်ဆို၊ ငါးပါးပြည့်နေလို့ လောကီမဂ်လို့ ဆိုချင်ဆို . . . (မှန်ပါ့)။ အတည့်ပါပဲ . . . (မှန်ပါ့) သဘောပါကြပလား . . . (ပါ, ပါပြီဘုရား)။

ဒါဖြင့် ဒကာကြွယ်ရေ လောဘလာလဲ ဒီအတိုင်းပဲနော် . . . (မှန်ပါ့)။ ဒေါသလာလဲ . . . (ဒီအတိုင်းပါပဲဘုရား)၊ မောဟလာလဲ . . . (ဒီအတိုင်းပါပဲဘုရား)။

ဒီအတိုင်းပဲ သူတို့ရှိသေးလား မရှိသေးလား ကြည့်ဖို့ရာ ကျုပ်တို့အရေး၊ လောဘလာသူ ရှိသေးလား ကြည့်ဖို့အရေးဟာ . . . (တပည့်တော်တို့ အရေးပါဘုရား)။

ဒေါသလာသူ ရှိသေးလား ကြည့်ဖို့အရေးဟာ . . . (တပည့်တော်တို့ အရေးပါဘုရား) မောဟလာသူ ရှိသေးလား ကြည့်ဖို့အရေးဟာ . . . (တပည့်တော်တို့အရေးပါဘုရား)။

## အကြောင်းချုပ်လို့ အကျိုးချုပ်ပြီ

အဲ . . . မရှိတော့ဘူး၊ မရှိတော့ဘူး။ သင်္ခတတရားမို့ ပျက်စီးပြီ။ သင်္ခတတရားမို့ ပျက်စီးပြီ။ သင်္ခါတတရားမို့ ပျက်

စီးပြီ။ ကြမ်းတမ်းတဲ့တရားမိုးလဲ ပျက်စီးသွားပြီ. . . (မှန်ပါ့)။

ပဋိစ္စသမုပ္ပန္နတရားမိုးလဲ အကြောင်းချုပ်လို့ အကျိုးချုပ်ပြီ. . . (မှန်ပါ့)။ မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား)

အဲဒီကဲ့သို့ ခင်ဗျားတို့ လောဘလာလဲရှု၊ ဒေါသလာလဲရှု၊ မောဟလာလဲရှုတော့ ရှုတဲ့ဉာဏ်သည် ဝိပဿနာပေက္ခါဉာဏ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ရှုတဲ့ဉာဏ်သည်. . . (ဝိပဿနာ ပေက္ခါဉာဏ်ပါဘုရား)။ဝိပဿနာပေက္ခါဉာဏ်. . . (မှန်ပါ့)။ ရှုတဲ့ဉာဏ်သည် . . . (ဝိပဿနာပေက္ခါဉာဏ်ပါဘုရား)။

နောက်က ဒကာ ဒကာမတွေ ရှင်းကြရဲ့လား. . . (ရှင်းပါတယ်ဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ မုန်းတဲ့သူလာရင် ဘာဖြစ်မယ်၊ မုန်းတဲ့သူမြင်လို့ရှိရင်. . . (ဒေါသဖြစ်ပါတယ်ဘုရား)။

အဲဒါ ဘာလုပ်ရမတုံး. . . (ဖြစ်ပျက် ရှုရမှာပါဘုရား)။ ဖြစ်ပျက်ရှုပေး၊ ခင်တဲ့လူလာရင် ဘာဖြစ်မယ်. . . (လောဘလာမှာပါဘုရား)။ ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

မရှုဘဲတော့ မနေနဲ့. . . (မှန်ပါ့)။ မရှုဘဲနဲ့တော့ မနေ နဲ့တဲ့။ တစိမ်းလာရင် ဘာဖြစ်မယ်. . . (မောဟလာပါ

တယ်ဘုရား)။ ဒါ ဘာလုပ်ရမတုံး. . . (မြစ်ပျက်ရှုရပါမယ် ဘုရား)။

ရှုတဲ့အခါကျတော့ ရှုတဲ့ဉာဏ် ဘာဉာဏ်ခေါ်ကြမယ်. . . (ဝိပဿနာ ဉပေက္ခာဉာဏ်ပါဘုရား။ ကဲ ဒကာသစ် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## သင်္ခါရုပေက္ခာဉာဏ်ရောက်အယ်

ဝိပဿနာဉပေက္ခာဉာဏ်ကိုတဲ့ ဋီကာဆရာက ဖွင့်လိုက်တာက ကောင်းပဲ့. . . (မှန်ပဲ့)။ ဟော့. . . ဒီဉာဏ်သာ ဒီအတိုင်းသာ ရှုနေလို့ရှိရင် သင်္ခါရုပေက္ခာဉာဏ်ရောက်တာ ပဲ. . . (မှန်ပါ)။

ဒါ သင်္ခါရတရားတွေ. . . (မှန်ပါ) သင်္ခါရတရား၊ သင်္ခါရုပေက္ခာဉာဏ်ဖြစ်တယ်ဆိုတော့ ဒီဉာဏ်ပြီး မဂ်ဉာဏ် ရှိတော့တယ်။ အင်မတန်နီးပါပြီ ဒကာ ဒကာမတို့. . . (နီးပါ ပြီဘုရား)။

အဲ. . . ဒါကြောင့် ဒီအလုပ်ကို ဣန္ဒြိယဘာဝနာ သုတ်သည် ဥပရိပဏ္ဏာသပါဠိတော် နောက်ဆုံးပိတ် ပါဠိ တော်ပါပဲ ဒကာကြွယ်ရ. . . (မှန်ပဲ့)။

တယ်ကောင်းပါလား. . . (ကောင်းပါတယ် ဘုရား) တစ်ခါတည်း ဒီအတိုင်းသာ ရှုနေကြရင်တော့ ဘယ့်နှယ်

ဖြစ်လာတုံးဆိုတော့ သခ်ါရုပေကျွါဉာဏ်ဖြစ်လာတယ်. . . (မှန်ပါ့)။

## ဒီရှုနည်းဟာ ဋ္ဌာနေ့ထွဲလုံတယ်

သခ်ါရုပေကျွါဉာဏ်ပြီး မဂ်ဉာဏ် တိုးတက်သွားတာပဲ. . . (မှန်ပါ့)၊ ဆိုတော့ သောတာပန် မတည်နိုင်ဘူးလား . . . (တည်နိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီရှုနည်းဟာ ဋ္ဌာနေ့ထွဲလဲ လုံတယ်။ အင်း ရှုရတာလဲ လွယ်ကူတယ်ဆိုတော့ ခင်ဗျားတို့ ကျင့်သားရဖို့ အရေးကြီးတယ်. . . (မှန်ပါ့)။

ကျင့်သားရတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်လိုများ ဖြစ်တတ်သတုံးဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောပြန်တယ်နော်. . . (မှန်ပါ့)။

ကျင့်သားရတဲ့ ပုဂ္ဂိုလ်များကတော့ကွာတဲ့။ ဒီဥစ္စာ မျက်လုံးဖွင့်တာ မှိတ်တာလောက် လွယ်သွားတယ်. . . (မှန်ပါ့)။ မျက်လုံးဖွင့်တာက ဒကာ ဒကာမတို့ သိပ်ခက်လား . . . (မခက်ပါဘူးဘုရား)။

## အားကိုးရာအစစ် ရှိပါစေ

မျက်လုံးပိတ်လိုက်ရတာကော. . . (မခက်ပါဘူးဘုရား)။ ဒို - ဒီလောက်ဖြစ်သွားလို့ရှိရင် မင်းတို့ အားကိုး

ရာဖြစ်ပြီ။ သနာထာဖြစ်ပြီ. . . (မှန်ပါ့)။ ဒကာကြွယ် ဒီ လောက်ဖြစ်ရင်. . . (အားကိုးရာဖြစ်ပါပြီ ဘုရား)။

အားကိုးရာအစစ်ဖြစ်ပြီဆိုတာ သေချာကြပလား . . . (သေချာပါပြီဘုရား)။ ကိုင်း. . . ဒါဖြင့် အားကိုးရာ အစစ် ဖြစ်ဖို့ နဂိုကတည်းက ဘုန်းကြီးတရားချီးတုန်းက ဒကာ သစ်ရေ၊ အားကိုးရာအစစ်ရှိပါစေ။

## ဖြစ်ပျက်မြင်တဲ့ ဉာဏ်အားကိုးပါ

အားကိုးရာ အစစ်ရှိပါစေဆိုတာ ဖြစ်ပျက်ကိုမြင်တဲ့ ဉာဏ်အားကိုးပါလို့ နဂိုကတည်းက တရားချီး မထားခဲ့ ဘူးလား. . . (ချီးထားခဲ့ပါတယ် ဘုရား)။

အင်း-အခုလဲ ဒကာ ဒကာမတို့ ဒီဉာဏ်ကို အားကိုး ရမယ်. . . (မှန်ပါ့)။ သဘောပါကြပြီလား. . . (ပါ,ပါပြီ ဘုရား) ဒီဉာဏ် ဘာဉာဏ်တဲ့ဗျာ. . . (ဝိပဿနာ ဥပေက္ခါ ဉာဏ်ပါ ဘုရား)။

ရှုပ်များလို့ ရင့်သွားပြီဆိုတော့ ဘာပြောကြမတုံး . . . (သင်္ခါရုပေက္ခါဉာဏ်ပါဘုရား)။ သင်္ခါရုပေက္ခါဉာဏ်၊ အဲဒီ သင်္ခါရုပေက္ခါဉာဏ်နဲ့ ဒကာ ဒကာမတွေ့ ဆုံးသွားတော့ ဘာဉာဏ်လာမတုံး. . . (မဂ်ဉာဏ်လာပါတယ် ဘုရား)။ အေး-ဒါဖြင့် အနုလောမဉာဏ်၊ ဂေါ်တြဘူဉာဏ်ဆိုတာတွေ

က ဝီထိစဉ် ပြောတာတွေပါ။

ဒါတွေက အပိုတွေပါ။ မင်္ဂဉာဏ်သွားဆိုက်တယ် . . . (မှန်ပါ့)။ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။ ဝီထိနိယာမပါ၊ ဟိုဟာတွေက အထူး ပြောနေစရာမလိုပါဘူး. . . (မှန်ပါ့)။

ဒါဖြင့် ဒီဉာဏ်ကနေ စလိုက်လို့ရှိရင် ဝိပဿနာ ဥပေက္ခါဉာဏ်ကနေ ရင့်သန်လာလျှင် ဘာဖြစ်မယ်. . . (မင်္ဂဉာဏ်ဖြစ်ပါမယ်ဘုရား)။

## ဉာဏ်သုံးဆင့်နဲ့ တတ်တယ်

သင်္ခါရုပေက္ခာဉာဏ်လေး ရင့်လာရင်. . . (မင်္ဂဉာဏ်ဖြစ်လာမှာပါဘုရား)၊ ဟာ - သုံးဆင့်နဲ့ တက်တယ် . . . (မှန်ပါ့)။ ဘယ်လိုပါလိမ့်. . . (သုံးဆင့်နဲ့ တက်ပါတယ်ဘုရား)။

သုံးဆင့်နဲ့ တက်တယ်ဆိုတော့ ကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား)။ ဩော်. . . ဒါဖြင့် ဒို့သည်ကားဆိုလို့ရှိရင် ပေါ်တိုင်း အားကိုးရာအစစ်တော့ဖြင့် လုပ်တော့မယ်ဆိုပြီး ဆုံးဖြတ်ချက်ချဖို့ အရေးဟာဖြင့် ကြုံလာပြီ. . . (ကြုံလာပါပြီဘုရား)။

အင်း. . . အားကိုးရာအစစ်ပေးမယ် ပေးမယ်ဆိုတဲ့

အတိုင်း လောဘလာလဲ ဖြစ်ပျက်ရှု၊ ဒေါသလာရင်. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

မောဟလာရင်ကော . . . (ဖြစ်ပျက် ရှုရမှာပါဘုရား)။ အဲ. . . ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဖြစ်ပြီးပျက်တဲ့တရားမို့ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

မရှိတာက အနိစ္စ၊ သိတာက. . . (မဂ္ဂပါဘုရား)၊ ဩော်. . . လောကီမဂ်သွားဖြစ်တယ်. . . (မှန်ပါ့)။ လောကီမဂ်သွားဖြစ်တော့ လောကီမဂ်ကို နာမည် သီးသန့်ပေးစမ်းပါဆိုတော့ ဝိပဿနာပေက္ခါ. . . (မှန်ပါ့)။

လောကီမဂ်ကို နာမည်သီးသန့်ပေးစမ်းပါဦးဆိုတော့ . . . (ဝိပဿနာပေက္ခါပါဘုရား)။ ဝိပဿနာပေက္ခါ. . . (မှန်ပါ့ဘုရား)။ ဝိပဿနာဥပေက္ခာပေါ့ဗျာ. . . (မှန်ပါ့)။ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

အင်း ဒီကနေပြီး သူပဲ ရင့်သွားတဲ့အခါကျတော့ ဘာတဲ့ (သင်္ခါရုပေက္ခာဉာဏ်ပါဘုရား)။ အဲဒီ သင်္ခါရုပေက္ခာဉာဏ် ရင့်သွားပြန်တော့. . . (မဂ်ဉာဏ်ပါဘုရား)။

## ဝိပဿနာပေက္ခါဉာဏ်က ကျေးဇူးပြု

ကိုင်း-ခင်ဗျားတို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရ ရပါလို၏ ဆိုလို့ ရတာလား။ ဝိပဿနာပေက္ခါဉာဏ်က ဆက်ပြီး ကျေး

ဇူးပြုလိုက်တာလား. . . (ဝိပဿနုပေက္ခါဉာဏ်က ဆက်ပြီး ကျေးဇူးပြုကြောပါဘုရား)။ ဆက်ပြီး ကျေးဇူးပြုတာဆိုတာ သေချာကြပလား . . . (သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ပါဠိတော်နဲ့လဲ ကိုက်သွားတယ်. . . (မှန်ပါ)။ "သဒေါသစိတ္တံသဒေါသစိတ္တန္တိပဇာနာတိ" မကိုက်ဘူးလား. . . (ကိုက်ပါတယ်ဘုရား)။

အင်း "သရာဂစိတ္တံ သရာဂစိတ္တန္တိပဇာနာတိ"ကော . . . (ကိုက်ပါတယ်ဘုရား)။ "သမောဟစိတ္တံ သမောဟစိတ္တန္တိပဇာနာတိ"နဲ့ကော. . . (ကိုက်ပါတယ်ဘုရား)။ ကိုက်တာပဲ. . . (မှန်ပါ)။

ပဇာနာတိဆိုတာတွေ ခုနက ဝိပဿနုပေက္ခါဉာဏ်လို့ ဆိုလိုက်တာပဲ။ (မှန်ပါ)။ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အားကိုးရာ အစစ်ဖြင့် ပြည်ာ် သနထာဘိက္ခုဝေ ဝိဟာရထမာအနာထာ။

## ကိုးကွယ်ရာတစ်ခုခုတော့ ရှိရမယ်။

ဘိက္ခုဝေ-ရဟန်းတို့၊ သနာထာ-မင်းတို့အားထားရာ တစ်ခုလေးလောက် ကိုင်း ထားကြကုန်သည်၊ ဝိဟာရထ-နေ

ကြကုန်လော့၊ မာအနာထာ-ကိုးကွယ်ရာမရှိဘဲနဲ့ ဖြစ်ကြကုန်သည် မာအဲဟောထ- မဖြစ်ကြကုန်လင့်။

မဟုတ်ဘူးလားဗျာ. . . (ဟုတ်ပါတယ်ဘုရား)။ ကိုးကွယ်ရာတစ်ခုခုတော့ အားထားရာတစ်ခုခုတော့. . . (ရှိရမှာပါဘုရား)၊ အားထားရာမရှိရင် ဒုက္ခအလွန်ဆင်းရဲမယ် . . . (မှန်ပါ့)။

ဉပမာမေးမယ်။ ဒကာ ဒကာမတွေက တခြားတောရွာက မန္တလေးမြို့ပေါ် မိတ်ဆွေတစ်ယောက်မှ မရှိဘူးဆိုရင် အတော်အားကိုးရာခက်တယ်. . . (မှန်ပါ့)။ အားကိုးရာမဲ့ ဖြစ်မနေဘူးလား. . . (ဖြစ်နေပါတယ်ဘုရား)။

မိတ်ဆွေတစ်ယောက်ရှိနေတယ်ဆိုရင်ဖြင့် မေးပြီးလိုက်သွားလို့ရှိရင် စိတ်ကိုလဲ ပျော်ပြီ။ သူ ရဲရဲတင်းတင်းရှိတယ်. . . (မှန်ပါ့)။ (မရှိကြဘူးလား. . . (ရှိပါတယ်ဘုရား)။

## သေခါနီးမှာ အားကိုးရာရှာတယ်

အေး-ဒါကြောင့် လမ်းသွားတဲ့အခါမှာ သေခါနီးအခါမှာ သေခါနီးအခါ ကာလမှာတဲ့။ အဲဒီမှာ အားကိုးရာလူဟိုင်းရှာမယ်. . . (မှန်ပါ့)။ သေခါနီးအခါမှာကော. . . (အားကိုးရာရှာပါတယ်ဘုရား)။

မမာတဲ့အခါပဲ ခင်ဗျားတို့ ဒီတောင်ကတော့ မတတ်

တော့ပါဘူးထင်တော့ ဒကာသစ်တို့ပဲ တွေ့ပြီ ကြုံပြီဆိုကြပါစို့. . . (မှန်ပါ့)။ အင်း. . . ဘာ အားကိုးရပါ့မလဲဆိုတာမလာပေဘူးလား. . . (လာပါတယ်ဘုရား)။

## ဝိပဿနာပေက္ခါအားကိုးပါ

အဲဒီ ဝိပဿနုပေက္ခါ အားကိုး. . . (မှန်ပါ့)။ နော် . . . (မှန်ပါ့)၊ ဘာအားကိုးကြမယ်. . . (ဝိပဿနုပေက္ခါ ဉာဏ် အားကိုးရမှာပါဘုရား)။

အဲ-ဝိပဿနုပေက္ခါဉာဏ်အားကိုးလိုက်တဲ့အခါကျတော့ သူ့ပဲ အားကိုးရင်း မတ္တရှုဆဲနဲ့ သင်္ခါရုပေက္ခါ တက်သွားတယ်။

## သေခါနီးမှာ မဂ်ရပြီး သေနိုင်တယ်

သူ့အားကိုးရင်း ရှုဆဲ မတ္တနဲ့ မဂ်ဉာဏ်. . . (တက်သွားပါတယ်ဘုရား)။ တက်သွားတော့ ခင်ဗျားတို့ သေခါနီးမှ တစ်မဂ်, နှစ်မဂ်, သုံးမဂ်ရပြီးသကာလ သေနိုင်ပါတယ်ကွ. . . (မှန်ပါ့)။

ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်သေးရင် ရပါတယ်ကွလို့ ဖဂ္ဂုဏကို ဘုရားဟောထားတယ်။ အင်္ဂုတ္တိုရ်တိက နိပါတ် ပါဠိတော်မှာ မလာလား. . . (လာပါတယ်ဘုရား)။

## အားကိုးရာအစစ်ပေးတဲ့နေ့

ဆက္ကနိပါတ်တော် အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာပါတယ်။ အဲဒါကြောင့် ဒီတရားပွဲမှာ ယနေ့ပြောတာဖြင့် ဒကာကြွယ်ရေ အားကိုးရာအစစ်ပေးတဲ့နေ့ပဲ. . . (မှန်ပါ့)။

ဦးလှဘူး ဘယ်လိုမှတ်ပါလိမ့်မယ်. . . (အားကိုးရာအစစ်ပေးတဲ့နေ့ပါဘုရား)။ အားကိုးရာအစစ်ဆိုတာ ခင်ဗျားတို့က ဟိုဟာဆွဲရတော့ မလိုလို၊ ဒီဟာဆွဲရတော့မလိုလို၊ ဒီလိုမရမ်းနဲ့. . . (မှန်ပါ့)။ ဒီလိုမရမ်းနဲ့နော်။ ဒီလို မရမ်းနဲ့။

## ဖြစ်ပျက်သိတဲ့ဉာဏ်အားကိုးပါ

ကိုယ့်သန္တာန်ပေါ်လာတဲ့ စိတ်ကလေးကို ဖြစ်ပျက်သိနေတဲ့ ဉာဏ်လေးအားကိုး. . . (မှန်ပါ့)။ ကိုယ့်ခန္ဓာမှာပေါ်လာတဲ့စိတ် . . . (ဖြစ်ပျက်သိမှုကို အားကိုးရမှာပါဘုရား)။

အဲ. . . ဖြစ်ပျက်သိတဲ့ ဉာဏ်ကလေးကို ဒကာသစ်တို့ အားကိုးလိုက်လို့ရှိရင်ဖြင့် ဒီဉာဏ်သည် ဘာဉာဏ်ဖြစ်မတုံး. . . (ဝိပဿနာပေက္ခါဉာဏ်ဖြစ်ပါတယ်ဘုရား)။

ရင့်လာရင်. . . (သင်္ခါရုပေက္ခါဉာဏ် ဖြစ်လာပါတယ်ဘုရား) တစ်ဖန် ရင့်လာရင်. . . (မဂ်ဉာဏ်ပါဘုရား)၊ ရင့်ကျက်သွားရင်. . . (မဂ်ဉာဏ်ပါဘုရား)၊ ဒကာကြွယ်

သေချာပလား. . . (သေချာပါပြီဘုရား)။

## ဖြစ်ပျက်သိတဲ့ဉာဏ်နဲ့ သေသွားရင်

ကိုင်း ဒါဖြင့် ဘုန်းကြီး က ရှင်းပြပါမယ်၊ ဟော - ဒီဉာဏ်သစ်၊ ရုပေက္ခါဉာဏ်၊ မတက်နိုင်ဘူးဘုရား၊ ဖြစ်ပျက်သိတဲ့ဉာဏ်နဲ့ သေသွားတယ်. . . (မှန်ပါ့)။

နတ်ပြည်ရောက်သွားတယ်. . . (မှန်ပါ့)။ ဉာဏ်နဲ့ သေသွားတာကို. . . (မှန်ပါ့)။ ဒီဉာဏ်ကပဲ နတ်ပြည်ပို့ချလိုက်တယ်. . . (မှန်ပါ့)။

နတ်ရင်ခွင်ထဲမှာ ထိုင်လျက်ကလေးသွားဖြစ်တယ် . . . (မှန်ပါ့) ထိုင်လျက်ကလေးသွားဖြစ်တဲ့အခါကျတော့ နတ်ကောင်က ဥပပတ္တိပဋိသန္ဓေဖြစ်နေတဲ့အတွက် သွေး၊ ပြည်၊ သလိပ်တွေ မရှိတော့ ဉာဏ်က ထက်တယ်. . . (မှန်ပါ့)။

## သေရင် နတ်ပြစ်ပြီး သောတာပန်တည်တယ်

အဲဒီဉာဏ်နဲ့ သူ့ခန္ဓာ ပြန်ကြည့်တဲ့အခါကျတော့ ဒီဉာဏ်တွေ တစ်ခါတည်း သောတာပန်တည်တယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် တစ်ဉာဏ်သေရင် နှစ်ဉာဏ်နဲ့သေရင် ဒုတိယဘဝ. . . (မှန်ပါ့)။ သုံးဉာဏ်နဲ့သေရင် ဒီဘဝထဲမှာပဲ

အပါယ်လေးပါး တံခါးပိတ်ပြီးသကာလ သောတာပန်တည် ပါတယ်. . . (မှန်ပါ့)။

ဆိုတော့ ဩော်-ဒါဖြင့် ဒို့သည်ကား ဆိုလို့ရှိရင် ကိုး စားရာ အားထားရာ အစစ်ရှာနေတာ ကြာပါပေါ့လား. . . (မှန်ပါ့)။ ဒကာသစ် ကြာပြီ. . . (ကြာပါပြီဘုရား)။

အသက်လေးကြီးလာပြီဆိုရင် ဒီဘက် စဉ်းစားလာ တယ်. . . (မှန်ပါ့)။ ကိုင်း သားရေး သမီးရေး၊ ကြီးပွားရေး နဲ့ ချည်း ပြီးသေးလို့မတော်သေးဘူး. . . (မှန်ပါ့)။

ကိုယ်ရေးကိုယ်တာက ကျန်သေးတယ်. . . (မှန်ပါ့) မလာကြပေဘူးလား. . . (လာကြပါတယ်ဘုရား)။ ကိုယ် ရေးကိုယ်တာက ကျန်နေသေးတယ်ဆိုပြီး လာကြတဲ့အခါကျ တော့ ဘယ်ဟာများ အားကိုးကြရပါမတုံးဆိုတော့ ဒီလို ကြောင့်သာ လာတယ်။ ဒီလိုတောင်မှ မရှိတော့ ကိုးချင်ရာ ကိုးဖြစ်လိုက်တယ်. . . (မှန်ပါ့)။

## အားကိုးလွဲရင် နာတတ်တယ်

ကိုးချင်ရာ မကိုးပေဘူးလား. . . (ကိုးပါတယ် ဘုရား)၊ ကိုးချင်ရာ ကိုးတဲ့အခါကျတော့ အားကိုးလွဲတဲ့ အတွက်လဲတဲ့ ဒကာ ဒကာမတို့ နာတတ်တယ်. . . (မှန်ပါ့)။

မနာတတ်ဘူးလား. . . (နာတတ်ပါတယ်ဘုရား)။

အဲ ·အခု ဘာသာခြားတွေကျတော့ သေခါနီးကျတော့ ထာဝရ အားကိုးတာပဲ. . . (မှန်ပါ)။

မဟုတ်လား။ မိုဟာမက်ကလဲ မိုဟာမက် အားကိုးမှာပဲ. . . (မှန်ပါ)။ ဟိန္ဒူကလည်း ဗြဟ္မာပဲ အားကိုးမှာပဲ . . . (မှန်ပါ)။

ဗြဟ္မာကိုယ်က ခင်ဗျားတို့ စဉ်းစားကြည့်စမ်း။ အနိစ္စ ခန္ဓာကိုယ်၊ ခရစ်စယာန်ကလည်း ထိုနည်းအတူပဲ သူ့ထာဝရ ကိုယ်က အနိစ္စသူ့ကိုယ်ပဲ။ သူများသတ်လို့သေရတဲ့ အနိစ္စပါ လား. . . (မှန်ပါ)။ ဒီလိုမနေဘူးလား. . . (နေပါတယ် ဘုရား)။

အဲ-ဒီကဲ့သို့ အနိစ္စတွေကို မခိုင်တဲ့ပုဂ္ဂိုလ်တွေကို မခိုင်မှန်းသိတော့ သူ့ကို ခင်ဗျားတို့က ခိုင်တယ်ထင်ရင် အား ကိုးလိုက်လို့ရှိရင် ပြုတ်ကျမှာပဲ. . . (မှန်ပါ)။

## ဘယ်ဟာကို အားကိုးရမလဲ

ပရမ်းပတာ ပြုတ်မကျပေဘူးလား။ အဲဒါ အားကိုး လွဲလို့ ဒုက္ခရောက်တာ. . . (မှန်ပါ)။ အဲ. . . ယနေ့တော့ ဖြင့် ဒကာ ဒကာမတွေ၊ ဘယ်ဟာ အားကိုးရမယ်ဆိုတာ အကွက်ချ အခုပြပေးတဲ့အတွက် ဖြစ်ပျက် မြင်တဲ့ဉာဏ် အားကိုးပါ. . . (မှန်ပါ)။

ဖြစ်ပျက်မြင်တဲ့ဉာဏ်. . .(အားကိုးရမှာပါ ဘုရား) ဖြစ်ပျက်အဆုံးမြင်တဲ့ဉာဏ်. . . (အားကိုးရမှာပါ ဘုရား)၊ အားကိုးပါဆိုတော့ အားလုံး ဒကာ ဒကာမတွေ ဒီ့သည်ကား ဆိုလို့ရှိရင်ဖြင့် အကောင်းဆုံး အားကိုးခိုင်းတာပဲဆိုတော့ သေခါနီးမှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့ ဖြစ်နိုင် တယ်. . . (မှန်ပါ့)။ ဒါကြောင့် ပြောနေတယ်. . . (မှန်ပါ့)။ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဘုရားကိုကော အားမကိုးကောင်းဘူးလား

နို့ ဘုရားကကော အားမကိုးကောင်းဘူးလားဆို တော့ အားကိုးကောင်းတယ်။ သို့သော် ကောင်းသထက် ကောင်းတဲ့ အစစ် ရွေးပေးနေတာ. . . (မှန်ပါ့)။ သဘောကျ ပလား. . . (ကျပါတယ်ဘုရား)။

အင်း-တရားဂုဏ်တော်အားကိုးရင်ကော မကောင်း ဘူးလား။ ကိ-ကောင်းတယ်၊ ဒါလဲ. . . (မှန်ပါ့)။ သံဃာတွေ လက်အုပ်ချီမိုးရင်ကော မကောင်းဘူးလား၊ ကောင်းတာပဲ။

## ကောင်းသထက်ကောင်းတာပြောစမ်းပါ

အေး-ကောင်းသထက်ကောင်းတာ တစ်ခါတည်း ပြောစမ်းပါဆိုတော့ ဘုရားက ရှစ်ခုမြောက် ဒါလာဟော တယ်. . . (မှန်ပါ့)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့တဲ့။ အားကိုးရာ အစစ်ရကြပလား. . . (ရပါပြီဘုရား)။ ဘာအားကိုးကြမယ် . . . (ဖြစ်ပျက်မြင်တဲ့ဉာဏ် အားကိုးပါမယ်ဘုရား)။ ဖြစ်ပျက်မြင်တဲ့. . . (ဉာဏ်အားကိုးရမှာပါဘုရား)။

ဉာဏ်ကို အားကိုးရမယ်နော်. . . (မှန်ပါ့)။ ဖြစ်ပျက်မြင်တဲ့ဉာဏ်ကို (အားကိုးရမှာပါဘုရား)။ ဉာဏ်ဘာတုံးမေးတဲ့အခါ၊ တရားပါ. . . (မှန်ပါ့)။

## ဝိပဿနာတရားကိုအားကိုးပါ

ဒီတရား အားကိုးပြောတာ. . . (မှန်ပါ့)။ ဝိပဿနာတရားကို. . . (အားကိုးရမှာပါဘုရား)။ တရားအားကိုးတာပါပဲ. . . (မှန်ပါ့)။ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့တဲ့၊ အားမကိုးရင် ဘာဖြစ်မလဲလို့မေးဖို့ မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

အို အားမကိုးလို့ရှိရင်တော့ မြင်တယ်ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ဒီက ရန်သူမြင်တယ်ဆိုတော့ ဒေါသဖြစ်တယ်။ ဒေါသဖြစ်လို့ရှိရင် ဒေါသနောက်က သောက, ပရိဒေဝ,ဒုက္ခ ဒေါမနဿ မလာပေဘူးလား. . . (လာပါတယ်ဘုရား)

ဒါ့ပြင် အဝိဇ္ဇာ မပါသေးဘူးလား - ပါသလား. . .

(ပါ, ပါတယ်ဘုရား)။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဆိုပြီး သံသရာ ဆက်သွားတယ်. . . (မှန်ပါ့)။

## ဒေါသနဲ့သေတော့ ငရဲသွားရတယ်

မဆက်ဘူးလား. . . (ဆက်ပါတယ်ဘုရား)။ ဒါ ဘာကြောင့်တုံးလို့မေးလို့ရှိရင် ခုနက အားကိုးရာအစစ်ဖြစ်တဲ့ ဝိပဿနာပေက္ခာဉာဏ် မရလို့. . . (မှန်ပါ့)။

မရလိုက်တဲ့အတွက် သံသရာ ဆက်သွားတယ်. . . (မှန်ပါ့)။ ဒါဖြင့် ဇာတိ၊ ဇရာ၊ မရဏဆိုတာ အပါယ်ခန္ဓာ၊ ဒေါသနဲ့သေတော့ ငရဲသွားလိမ့်မယ်. . . (မှန်ပါ့)။

## လောဘနဲ့သေတော့ ပြိတ္တာသွား

လောဘနဲ့သေတော့ ပြိတ္တာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။ မောဟနဲ့သေတဲ့အခါကျတော့တိရစ္ဆာန်ဘုံ သွားပါလိမ့်မယ်. . . (မှန်ပါ့)။ ဘယ်ကောင်းတော့မတုံး . . . (မကောင်းပါဘူးဘုရား)။

ဒေါသနဲ့သေ ငရဲပေါ့ဗျာ။ လောဘနဲ့သေ ပြိတ္တာ၊ မောဟနဲ့သေရင် တိရစ္ဆာန်ပေါ့. . . (မှန်ပါ့)။ သဘောကျပလား. . . (ကျပါပြီဘုရား)။

## စင်စစ်တော့ အပါယ်ချည်းရောက်တယ်

ဒါက များသောအားဖြင့် ဟောတာပါ။ စင်စစ်တော့

အပါယ်ချည်း ရောက်တာပါပဲ. . . (မှန်ပါ)။ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီလောဘ၊ ဒေါသ၊ မောဟကိုပဲ လောဘ၊ ဒေါသ၊ မောဟဖြစ်ရသေးရဲ့လား. . . (မဖြစ်ရပါဘူးဘုရား)။ မဖြစ်ရတော့ဘူး။ ကျုပ်တို့ က -အနိစ္စဖြစ်သွားတယ်. . . ။ (မှန်ပါ)။ လောဘ, ဒေါသ, မောဟဖြစ်သလား၊ အနိစ္စဖြစ်သလား. . . (အနိစ္စဖြစ်ပါတယ်ဘုရား)

## အနိစ္စကတော့ မဂ္ဂကျေးဇူးပြုတယ်

အနိစ္စဖြစ်သွားတာ သေချာတော့၊ အနိစ္စကတော့ မဂ္ဂ **သာ** ကျေးဇူးပြုတယ်. . . (မှန်ပါ)။ အနိစ္စကတော့ . . . (မဂ္ဂကျေးဇူးပြုပါတယ်ဘုရား)။

အင်း. . . အနိစ္စက မဂ္ဂကျေးဇူးပြုတော့ "ကောယနောဘိက္ခဝေမဂ္ဂေါ"ဖြစ်တာ. . . (မှန်ပါ)။ မဂ္ဂေါ-မဂ္ဂသည် ကောယနော-ခင်ဗျားတို့ရထားတဲ့ မဂ်သည် တစ်ကြောင်းတည်းနဲ့ နိဗ္ဗာန်ပို့၏. . . (မှန်ပါ)။

## အားငယ်စရာ ဘာရှိသေးတုံး

ဝိပဿနာမဂ်ဖြစ်လို့ရှိရင် နတ်ပြည်ပို့၏. . . (မှန်ပါ) လောကုတ္တရာမဂ်ဖြစ်လို့ရှိရင် နိဗ္ဗာန်ပို့၏. . . (မှန်ပါ)။ ဆိုတော့ အားငယ်စရာ ဘာရှိသေးတုံး. . . (မရှိတော့ပါ

ဘုရား)။ ဒကာသစ်ရေ-ကျေနပ်ပလား. . . (ကျေနပ်ပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သေတကာ့သေတဲ့အထဲမှာ ဖြင့် ကိုယ့်ခန္ဓာကိုရှုပြီး ဆင်ခြင်ပြီး သေတာဖြင့် အားကိုးရာ အစစ်ရတဲ့ အသေပဲ. . . (မှန်ပါ့)။ သဘောကျပလား. . . (ကျပါပြီဘုရား)။

ကောင်းပြီ။ ဒါဖြင့် လောဘကို မရှုမိကြပါဘူး။ ဝိပဿနာပေကွဲါနဲ့ မရှုမိဘူးဆိုတော့ လောဘကတဏှာမဟုတ်လား. . . (မှန်ပါ့)။

တဏှာပစ္စယာ. . . (ဥပါဒါန်ပါဘုရား)၊ ဥပါဒါနပစ္စယာ. . . (ကမ္မဘဝပါဘုရား)၊ ကမ္မဘဝပစ္စယာ. . . (ဇာတိပါဘုရား)၊ ဇာတိပစ္စယာ. . . (ဇရာမရဏပါဘုရား)။

ကိုင်း သံသရာဆက် မဆက်. . . (ဆက်ပါတယ်ဘုရား)။ အဲဒါ ဝိပဿနာပေကွဲါဉာဏ် မလိုက်နိုင်တဲ့အတွက် ကိုယ်ကျိုးနဲသွားတာ. . . (မှန်ပါ့)။

ဝိပဿနာပေကွဲါဉာဏ် မလိုက်နိုင်တဲ့အတွက် ဘာဖြစ်သွားပါလိမ့်. . . (ကိုယ်ကျိုးနည်းရပါတယ်ဘုရား)။ သိပ်မနစ်နာဘူးလား. . . (နစ်နာပါတယ်ဘုရား)။ ကဲ. . . ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် လောဘလာလို့ လောဘကို ဖြစ်ပျက်ရှုလိုက်

တော့ ဥပါဒါန်, ကံ, ဇာတိ, ဇရာ, မရဏ မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား)။

## သံသရာစခန်းသတ်တယ်

အဲဒါတွေ ချုပ်သွားတာမြင်လို့ ကျုပ်တို့ သံသရာ စခန်း မသတ်ဘူးလား. . . (သတ်ပါတယ်ဘုရား)၊ ရိပ်မိပြီ လား. . . (ရိပ်မိပါတယ်ဘုရား)။

ကဲ. . .ဝိပဿနာပေက္ခာဉာဏ်မလိုက်ဘူးဆိုတော့ တစိမ်းမြင်လိုက်တဲ့အခါ မသိပါဘူးဆိုတော့ မောဟကော မလိုက်ဘူးလား. . . (လိုက်ပါတယ်ဘုရား)။

မောဟဆိုတော့ အဝိဇ္ဇာမဟုတ်ဘူးလား. . . (ဟုတ် ပါတယ်ဘုရား)၊ အဝိဇ္ဇာပစ္စယာ. . . (သင်္ခါရာပါဘုရား)၊ သင်္ခါရပစ္စယာ. . . (ဝိညာဏ်ပါဘုရား)၊ ဝိညာဏပစ္စယာ . . . (နာမ်ရုပ်ပါဘုရား)။

အဲ-သွားလိုက်ပါတော့ အဆုံး ဇာတိ၊ ဇရာ၊ မရဏ . . . (မှန်ပါ)၊ မသွားရပေဘူးလား. . . (သွားရပါတယ် ဘုရား)၊ ဒါက ဘယ်သူဖျက်လို့ ရမှာတုံး. . . (ဘယ်သူ ဖျက် လို့မှ မရပါဘူးဘုရား)

ဘယ်သူမှ တားမြစ်လို့မရပါဘူး. . . (မှန်ပါ)၊ ကိုင်း . . . ဘုရားတားလို့ မရဘူး၊ မင်း ပဋိစ္စသမုပ္ပါဒ်နဲ့ မင်း သွား

ပေတော့၊ ကြည့်နေကြတော့. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့ဉာဏ်အားကိုး

ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့ဉာဏ်သာလျှင် အားကိုးရာ . . . (မှန်ပါ့)၊ ဒကာ ဒကာမတို့ ဘာမှမသိတဲ့ ပုဂ္ဂိုလ်ကို မြင်တော့ ဘာဖြစ်သတဲ့. . . (မောဟဖြစ်တယ်)။

အဲဒီ မောဟကိုပင်လျှင် ဒကာ ဒကာမတွေက ဘယ်လိုရှုရမယ်. . (ဖြစ်ပျက်ရှုရမှာပါဘုရား)။ အဲ. . . ရှိသေးရဲ့လား။ ရှိသေးလား-မရှိသေးလား ကြည့်လိုက်တာပေါ့. . . (မှန်ပါ့)။

ကြည့်လိုက်တဲ့အခါကျတော့ ဘာတွေ့. . . (မရှိတာတွေ့ပါတယ်ဘုရား)။ မရှိတာပဲ တွေ့တယ်၊ မရှိတာကအနိစ္စ၊ သိတာက မဂ်ဆိုတော့ ဒီမဂ်က ဘယ်ဉာဏ်ထဲ ရောက်သွားပါလိမ့်. . . (ဝိပဿနာပေက္ခါဉာဏ်ထဲ ရောက်သွားပါတယ်ဘုရား)၊ ဝိပဿနုပေက္ခါဉာဏ်ထဲ ရောက်. . . (မှန်ပါ့)၊ ဩဇာ-ဒါဖြင့် အဝိဇ္ဇာက စပြတ်တာ. . . (မှန်ပါ့)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## ပဋိစ္စသမုပ္ပါဒ်အစကပြတ်တယ်

ဘယ်က စပြတ်ပါလိမ့်. . . (အဝိဇ္ဇာက စပြတ်ပါ

တယ်ဘုရား)၊ ဟာ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်အစက ဖြတ်ပေး
တာ. . . (မှန်ပါ့)။

အစက ဖြတ်ပေးတော့ ကျုပ်တို့ ခန္ဓာကြီးဟာ ပဋိစ္စသမုပ္ပါဒ်ကြောင့် လည်နေရတာ. . . (မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်ခန္ဓာကြီး လုပ်နေရတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

## အလယ်ကပြတ်တယ်

ခုတော့ လည်စရာ ပတ်စရာရှိသေးရဲ့လား. . . (မရှိတော့ပါဘုရား)၊ ဩော်- ၁နံပါတ်ရှုရင် ပဋိစ္စသမုပ္ပါဒ်အဆုံးကပြတ်တယ်. . . (မှန်ပါ့)၊ ၂နံပါတ်ရှုရင်. . . (ပဋိစ္စသမုပ္ပါဒ် အလယ်က ပြတ်ပါတယ်ဘုရား)။

## အဆုံးကပြတ်တယ်

၃နံပါတ် အဝိဇ္ဇာကိုရှုရင်. . . (အစကပြတ်ပါတယ်ဘုရား)၊ အစကပြတ်တယ်၊ ဒါ သေသေချာချာ မှတ်ကြစမ်းပါ၊ ဒကာ ဒကာမတို့၊ ၁နံပါတ် ဒေါသကို ဖြစ်ပျက်ရှုနိုင်ရင် . . . (အဆုံးက ပြတ်ပါတယ်ဘုရား)။

၂နံပါတ် လောဘကို ဖြစ်ပျက် ရှုနိုင်ရင် . . . (အလယ်ကပြတ်ပါတယ်ဘုရား)၊ ၃နံပါတ်အဝိဇ္ဇာကို ရှုနိုင်ရင်. . . (အစကပြတ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ပေါ် လာတာ အကုန်ရှုနေရင် ကိုယ့် ပဋိစ္စသမုပ္ပါဒ် ဆက်ပေးမယ့် တရားတွေ စပေးမယ့် တရား တွေ ဒကာသစ် ကုန်ပြီ. . . (မှန်ပါ့)။

ဒါဖြင့် "ယတောခယံပစ္စယာနံ အဝေဒီ"ဆိုတဲ့ အတိုင်း ယတော-အကြင်အခါမှ ပစ္စယာနံ-အကြောင်းတို့၏ ခယံ-ကုန်ရာကို၊ အဝေဒီ-သိပြီ၊ အကြောင်းတရားတွေ ကုန်ရာကို ငါသိပြီဆိုတော့. . .

## နောက်ခန္ဓာမဖြစ်တော့

ခင်ဗျားတို့လဲ ဒါအကြောင်းကုန်တာသိတာပဲ. . . (မှန်ပါ့)၊ ဘာသိပါလိမ့်. . . (အကြောင်းကုန်တာပါဘုရား)၊ အကြောင်းကုန်တာသိတဲ့အခါကျတော့ ဩော်-နောက်ဘာ ခန္ဓာများ ဖြစ်ဦးမှာပါလိမ့်ဆိုတာ လာသေးရဲ့လား. . . (မလာပါဘူးဘုရား)။

ဩော်-အကျိုးခန္ဓာလာနိုင်စရာအကြောင်းကို မြင် သေးရဲ့လား. . . (မမြင်ပါဘုရား)၊ အဲဒါကြောင့် ဒကာ ဒကာမတွေ့ဒ် ဒီသုံးခုပေါ် တာ ရှုနေစမ်းပါ. . . (မှန်ပါ့)။

ဘယ်လိုပါလိမ့်. . . (ဒီသုံးခုပေါ် တာ ရှုနေရမှာပါ ဘုရား)၊ ပေါ် တာရှုတော့ တစ်တန်းတည်းကော မဖြစ်ဘူး လား. . . (ဖြစ်ပါတယ်ဘုရား)။

## အလွန်အဖိုးတန်တဲ့ ဉာဏ်(၃)ဉာဏ်

ကဲ ဣန္ဒြေလဲ လုံခြုံပါသလား. . . (လုံခြုံပါတယ်ဘုရား) ဣန္ဒြေလုံခြုံတယ်ဆိုတော့ ဒီ ၁နံပါတ်ဉာဏ် ဘာဉာဏ်ခေါ်ကြမယ်. . . ၁(ဝိပဿနုပေက္ခါဉာဏ်ခေါ်ပါတယ်ဘုရား)။

ရင့်လာရင် ဘာဉာဏ်ခေါ်ကြမယ်. . . ၂(သင်္ခါရုပေက္ခါဉာဏ်ခေါ်ပါတယ်ဘုရား)၊ ဒီထက်ပိုရင့်သွားရင် ၃(မဂ်ဉာဏ်ပါဘုရား)။

ဒါဖြင့် ဒီဉာဏ်သုံးဆင့်ဟာ ဒကာ ဒကာမတို့၊ အလွန်အဖိုးတန်တဲ့ ဉာဏ်သုံးဆင့်. ... (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် အားကိုးရာ ဘာအားကိုးကြမယ်. . . ။(ဖြစ်ပျက်မြင်တဲ့ ဉာဏ် အားကိုးရမှာပါဘုရား)၊ အေး ခုနက ၁နံပါတ်အားကိုး၊ ၂နံပါတ်ဉာဏ်. . . (အားကိုးရမှာပါဘုရား)၊ ၃နံပါတ်ဉာဏ် (အားကိုးရမှာပါဘုရား)။

အားကိုးဆိုတာက ကိုယ်လုပ်ထားမှ အားကိုးလို့ရအယ်. . . (မှန်ပါ့)၊ စိန်လေးကို ဝယ်ထားမှ ကိုယ်အရေးရှိ စိန်ထုတ်သုံးရတယ်. . . (မှန်ပါ)၊ ကားလေးကို ဝယ်ထားမှ အရေးရှိ ကားလေးကို ဖလှယ်ပြီး ကိုယ်သုံးရတယ်. . . (မှန်

ပါ)။

ကိုယ်လုပ်ထားတာမဟုတ်လို့ရှိရင် သူများပစ္စည်းခိုးမှုနဲ့ တရားစွဲ မခက်ဘူးလား. . . (ခက်ပါတယ်ဘုရား)။

**မိမိလုပ်ထားတဲ့ဉာဏ်သည်သာ ကိုးကွယ်ရာ**

အတ္တာဟိ အတ္တနော နာထော ကောဟိ နာထော ပရော သိယာ၊ အတ္တာဟိ အတ္တနော ဒိမိလုပ်ထားတဲ့ ဒီဉာဏ်လေ သည်သာလျှင် နာထော ကိုးကွယ်ရာတည်း. . . (မှန်ပါ)။

ပရော-တပါးသောသူသည်၊ နာထော-ကိုးကွယ်ရာသည်၊ အပေါ သိယာ-အဘယ်မှာသာလျှင် ဖြစ်နိုင်ပါ့မလဲ . . . (မှန်ပါ)၊ ကိုယ်လုပ်တဲ့ဉာဏ်ပဲ အားကိုးရမယ်. . . (မှန်ပါ)။

ဘယ်သား၊ ဘယ်သမီး၊ ဘယ်မြေး၊ ဘယ်မြစ်၊ ဘယ်ပစ္စည်းကဖြင့် ဒကာကြွယ်တို့ကယ်လိမ့်မယ်၊ ယူလိမ့်မယ်ဆိုတာ မယူလိုက်ပါနဲ့. . . (မှန်ပါ)၊ တွန်းသာချလိမ့်မယ်ဆိုတာ သေချာတယ်. . . (မှန်ပါ)။

**ဘာအားကိုးကြမယ်**

ဒါဖြင့် ဘာအားကိုးကြမယ်. . . (ကိုယ်လုပ်ထားတဲ့ ဉာဏ်အားကိုးရမှာပါဘုရား)၊ ဖြစ်ပျက်ရှုတဲ့ဉာဏ်ပါ၊ အဲဒီဉာဏ်အားကိုးတော့ ပဋိစ္စသမုပ္ပါဒ် ဘယ်ကနေ ပြတ်သတုံး၊

အစကလဲ ပြတ်၊ အလယ်ကကော. . . (ပြတ်ပါတယ်ဘုရား) အဆုံးလဲ ပြတ်တယ်. . . (မှန်ပါ့)။

ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ် ပြတ်တာ သိနေတော့ ဘယ်သူ့ပဋိစ္စသမုပ္ပါဒ်ပြတ်တာတုံး. . . (ကိုယ့် ပဋိစ္စသမုပ္ပါဒ် ပြတ်တာပါဘုရား)။

ကိုယ့် ပဋိစ္စသမုပ္ပါဒ်ရှိရင်သာ ကိုယ်လှည့်မှာကိုး . . . (မှန်ပါ့)၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ပြတ်ပါတယ်ဆိုတာ ကိုယ် လှည့်တဲ့ဇာတ်သိမ်းတာပဲ. . . (မှန်ပါ့)။ ဒါဖြင့် ဝဋ်ပြတ်သွား ပြီ. . . (မှန်ပါ့)။

## ဝဋ်ကျွတ်တာသည်နိဗ္ဗာန်

ဘယ်လိုဆိုကြမယ်. . . (ဝဋ်ပြတ်သွားပြီဘုရား)၊ ဝဋ် ပြတ်သွားတယ်ဆိုတာတည်းကိုက ဒကာ ဒကာမတို့၊ ဝဋ် ကျွတ်တဲ့ပုဂ္ဂိုလ်. . . (မှန်ပါ့)။

ဝဋ်ကျွတ်တာသည်ကားဆိုလို့ရှိရင်ဖြင့် ဝိဝဋ္ဋအစစ် ဖြစ်တယ်. . . (မှန်ပါ့)။ ဝိဝဋ္ဋဆိုတာ နိဗ္ဗာန်ပါပဲ. . . (မှန်ပါ့) သေချာကြပလား. . . (သေချာပါပြီဘုရား)၊ ရှင်းပြီနော် . . . ။

ကဲ ဒီနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု